# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၉၀)၊ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ၁၂-၆-၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြားအပြန်အလှန် ကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma သည်ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင် သီလရှင်များ သီရိလင်္ကာနိုင်ငံတွင် ပညာသင်ကြားလျက်ရှိမှုနှင့် သီရိလင်္ကာနိုင်ငံရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား မြန်မာနိုင်ငံမှသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျက်ရှိမှု အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားအပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတို့တွင် စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


လျှပ်စစ်အန္တရာယ် အစဉ်သတိပြုဖွယ်(ဆောင်းပါး)
စာမျက်နှာ ၁၀

အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ
စာမျက်နှာ ၁၂

၂၀၂၄ ခုနှစ်၊ ဇွန် ၁၂ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး နေ့စဉ်

# နိုင်ငံအတွက် လွန်စွာအကျိုးရှိသည့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)မှ ချည်မျှင်ညို၊ တက်ထရက်ပိတ်ညို၊ စွပ်ကျယ်ပိတ်ညို၊ ပဝါပိတ်ညို၊ သက်န်းများ၊ တက်ထရက် ပိတ်ရောင်စုံ၊ စွပ်ကျယ်ပိတ်ရောင်စုံ၊ ပဝါရောင်စုံ၊ တီရှပ်မျိုးစုံ၊ စပို့ရှပ်မျိုးစုံ၊ နိုင်လွန်တာဖက်တာများ၊ ဆေးဂွမ်းလိပ်များ၊ အိပ်ရာခင်းရောင်စုံတို့အပြင် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေးပြည့်မီစွာထုတ်လုပ်၍ တပ်မတော်၏ လိုအပ်ချက်နှင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်အား ဈေးနှုန်းသက်သာစွာဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဝါစိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် မြေအရည်အသွေးစစ်ဆေးခြင်း သုတေသနလုပ်ငန်းများကို ဦးစွာဆောင်ရွက်ပြီး မြေဆီလွှာအမျိုးအစားအလိုက် စနစ်တကျပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့်သွင်းအားစုများ အပြည့်အဝထည့်သွင်းရန်နှင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးရန်လည်းလိုကြောင်း၊ စိုက်ပျိုးသည့် မြေအမျိုးအစားအလိုက် ထွက်ရှိသင့်သည့် အထွက်နှုန်းများကို လေ့လာဆန်းစစ်ရန်နှင့် အထွက်နှုန်းပြည့်မီစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ကြရန်လိုပြီး A Grade အမျိုးအစား ဝါများထွက်ရှိအောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ဝါအမျိုးအစားအများအပြားစိုက်ပျိုးခြင်းထက် တစ်မျိုးတည်းကိုသာ စိုက်ပျိုး၍ အရည်အသွေးကောင်းမွန်သည့် ဝါများထွက်ရှိလာအောင် ဆောင်ရွက်ရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၂) ရပ်ကွက်ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် ပိတ်စအထည်အလိပ်များ ကောင်းမွန်ရန်အတွက် အခြေခံဖြစ်သည့် ဝါသည် ကောင်းမွန်ရမည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုမှ အရည်အသွေးမြင့်ဝါများ ထွက်ရှိလာရန်လည်း လိုအပ်ကြောင်း၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)အနေဖြင့် တပ်မတော်မှ လိုအပ်သည့် အဝတ်အထည်နှင့် ချည်အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှချည်မျှင်နှင့် အထည်အလိပ်များကို တင်သွင်းရလျက်ရှိပြီး ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရန်အတွက် ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ နေ့စဉ်ဝတ်စားဆင်ယင်မှုတွင် အသုံးများသည့် တီရှပ်၊ စွပ်ကျယ်ကဲ့သို့သော အခြေခံအဝတ်အထည်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဝတ်အထည်များအား အရောင်အသွေးစုံလင်စွာဖြင့် ဈေးကွက်အတွင်း လူကြိုက်များသည့် ပုံစံအမျိုးအစားအလိုက် ထုတ်လုပ်ရောင်းချသွားရန်လိုကြောင်း၊ အခြားဈေးကွက်လိုအပ်ချက်ရှိသည့် ဟိုတယ်သုံးပစ္စည်းများနှင့် ပုဂ္ဂလိကသုံးပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာထုတ်လုပ်၍ ဈေးကွက်ရရှိရေး စဉ်းစားဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ လုပ်ငန်းအောင်မြင်တိုးတက်စေရေးအတွက် သုတေသနပြုလုပ်ငန်းများအား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)သည် နိုင်ငံအတွက် လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအား အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ချမ်းမြသာစည်မြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



**မန္တလေး ဇွန် ၁၁**

မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ ယနေ့ နံနက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ''လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့'' ဆောင်ပုဒ်နှင့် အညီ ပန်းခင်းစီမံချက်(၃)ဖြင့် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်သို့ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် ဝန်ထမ်းများ၊ အောင်သာယာ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့က အသက် ၁၀နှစ်ပြည့်ပြီးသူ ၂၈ဦးနှင့် အသက် ၁၈နှစ်နှင့်အထက် ပြည်သူ ၃၂ဦးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးပြီး ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ မရှိသေးသော ပြည်သူများကို ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ဗီဇဆိုင်ရာ အချက်အလက်များ ကောက်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ဝ၅၆)**

## ရေစီးရေလာကောင်းမွန်ရေး မြောင်းများ ဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့် အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် အနိပ်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၂လမ်းအနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၂၁လမ်းနှင့် ၂၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ရေနီမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၀လမ်းနှင့် ၁၂လမ်းကြား၌ မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းအေးသာစံမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဒေးဝန်းအနောက် ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်း၉၀ အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၁လမ်းနှင့် ၃၂လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ဟေမာဇလရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၉ လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက် အသုံးပြု၍ ၂၇လမ်းနှင့် ၂၉လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၄လမ်းနှင့် ၂၉လမ်း တံတားထိပ်မြောင်းအတွင်းမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ မဟာအောင်မြေမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ၃၅လမ်းတောင်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi ဘက်ဟိုးစက် အသုံးပြု၍ ၅၇လမ်းနှင့် ၅၈လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ကိုလံဘိုမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကိုPC-200 စက်အသုံးပြု၍ ၆၈လမ်းနှင့် ၆၉လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် မြို့သစ်(၂) ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၂Bလမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၇လမ်း အရှေ့ဘက်ခြမ်း စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာနောက်ကြောဘက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi-4ဘက်ဟိုးစက်အသုံးပြု၍ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ၁၁၃လမ်းတောင်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35ဘက်ဟိုးစက်အသုံးပြု၍ ၅၃လမ်းနှင့် ၅၄လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၆၆လမ်း အနောက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi-70 ဘက်ဟိုးစက် အသုံးပြု၍ ၁၀၈လမ်းနှင့်၁၀၉ Aလမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ကိုလံဘိုမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ နုံနှင့် ဒိုက်များကို Longarm စက်အသုံးပြု၍ ဇောင်းကလောရေထိန်းတံခါးနှင့် မြောက်ဥယျာဉ်ရပ်ကွက်ကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ညရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၄လမ်းအနောက်ဘက်ခြမ်း မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကိုE-35ဘက်ဟိုးစက်အသုံးပြု၍ ၁၄၀လမ်းနှင့် ၁၄၁လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ၅၆လမ်း အနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက် အသုံးပြု၍ ၁၃၀လမ်းနှင့် ၁၃၁ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၆၀Cလမ်း အနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၂၂လမ်းနှင့် ၁၂၃ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ နိုင်ငံသံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး တို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန် တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ နိုင်ငံသံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် မြန်မာနိုင်ငံရှိ သီရိလင်္ကာနိုင်ငံသားများအား ကူညီကာကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူ၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Sisira Senevirathne နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဇွန် ၅ ရက်မှ ၈ ရက်အထိ ကျင်းပပြုလုပ်သည့် (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ် (27th St. Petersburg International Economic Forum – SPIEF– 2024) တက်ရောက်ပြီး ဇွန် ၁၀ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ်မှ စတင်ကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ကမကထပြုမှုဖြင့် ဆောင်ရွက်ကာ ဖိုရမ်ပြုလုပ်သည့် အခမ်းအနားတိုင်း တွင်လည်း သမ္မတကိုယ်တိုင် တက်ရောက်ချီးမြှင့် ဆွေးနွေးပြောကြားပြီး ရုရှားနိုင်ငံ လက်ရှိဆောင်ရွက်လျက်ရှိသော အဓိကစီးပွားရေးကဏ္ဍများ၊ အစဉ်အမြဲကြီးထွားလာသည့် ဈေးကွက်များနှင့် မျက်မှောက်ခေတ်ကမ္ဘာ့စီးပွားရေးအခြေအနေများကို နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများအကြား ဆွေးနွေးဆက်သွယ် ဆောင်ရွက်နိုင်ရန်အတွက် ယခုဖိုရမ်သည် ကမ္ဘာလုံးဆိုင်ရာ ပလက်ဖောင်းတစ်ခုအဖြစ် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်းများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနှင့် ပုဂ္ဂလိကစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဖိုရမ် တက်ရောက်စဉ်ကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၅ ရက် နံနက်ပိုင်းက ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရိစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး Mr. Sergei Yurievich Glazyev နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် အီးအေအီးယူအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ အီးအေအီးယူ၏ဒေသတွင်းစီးပွားရေး ပေါင်းစည်းဆောင်ရွက်မှုများကို လေ့လာရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာအရ ပူးတွဲလုပ်ငန်းအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ရုရှားသမ္မတ၏ အကြံပေး ရုရှားရှေ့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဥက္ကဋ္ဌ Mr. Anton Kobyakov ခေါင်းဆောင်သော ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ ရှေ့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံပြီး ရှေ့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဇွန် ၆ ရက် မွန်းလွဲပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maksim Reshetnikov ခေါင်းဆောင်သော အဖွဲ့နှင့်တွေ့ဆုံပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေး၏ အစည်းအဝေး မှတ်တမ်းအရ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာ-ရုရှား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံ ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Igor Levitin ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးနှင့် အခြားကဏ္ဍများတွင် အခြေခံအဆောက်အအုံဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov တည်ခင်းဧည့်ခံသော အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဇွန် ၇ ရက်တွင် ရုရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး Mr. Roman Vladimirovich Starovoyt ခေါင်းဆောင်သော အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံအကြား လေကြောင်းလိုင်းပြေးဆွဲနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ရထားပို့ဆောင်ရေး ကဏ္ဍတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်း ကူညီဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဖိုရမ် တက်ရောက်စဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးများက ဖိုရမ်၏ Panelist များအနေဖြင့် တက်ရောက်ဆွေးနွေးကြရာ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က EAEU–ASEAN Business Dialogue ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက The Economic of Health: Effectively Managing Health and Improving Quality of Life ခေါင်းစဉ်ဖြင့် လည်းကောင်း တက်ရောက် ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ထို့ပြင် သီးခြားတွေ့ဆုံမှုများအနေဖြင့် ဇွန် ၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ခေါင်းဆောင်သော အဖွဲ့နှင့် ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Mikhail Murashko တို့ တွေ့ဆုံခဲ့ပြီး မြန်မာ-ရုရှားနှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မှု မူဘောင်ရေးဆွဲရေး ကိစ္စရပ်များနှင့် တောင်ကြီး စဝ်စံထွန်းဆေးရုံတွင် ကင်ဆာရောဂါ ဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှားနိုင်ငံမှ ကင်ဆာရောဂါကုသမှု ဆေးဝါးများ တင်သွင်းဖြန့်ချိရေးနှင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက် ညနေပိုင်းတွင် (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာ စီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနား ဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum- Plenary Session) သို့ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြား၍ နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ဗိုလစ်ဗီးယားနိုင်ငံသမ္မတ Mr. Luis Arce နှင့် ဇင်ဘာဘွေနိုင်ငံသမ္မတ Mr. Emmerson Mnangagwa တို့က ပါဝင်ဆွေးနွေးကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် နည်းပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ရုရှားနိုင်ငံ၏ နိုင်ငံတကာစွမ်းအင်ကုမ္ပဏီဖြစ်သည့် PJSC Gazprom Company မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် စွမ်းအင်ဆိုင်ရာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် FESCO Transportation & Logistics Company မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် Business Russia နှင့် Aquarius နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများကိုလည်း ကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**






# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းတိုင်တပ်နယ်နှင့် တိုက်ကြီးတပ်နယ်တို့ရှိ တပ်မတော်လေ့ကျင့်ရေးကျောင်းများတွင် သင်တန်းတက်ရောက်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံ အားပေးအမှာစကားပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## တက်ရောက်

တွေ့ဆုံပွဲများသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းအား သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက ကျောင်းရုံးအစည်းအဝေးခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်နေမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းခန်းမများ၌ အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယခုလို လာရောက်တွေ့ဆုံရသည့် အကြောင်းရင်းသည် ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်မည့် စစ်သည်များကို ပြည်သူ့စစ်မှုထမ်းနှင့် ပတ်သက်ပြီး သိသင့်သိထိုက်သည်များကို ပြောကြားရင်း အားပေးစကားပြောကြားလိုခြင်း၊ သင်တန်းကာလတွင်ကြုံတွေ့ရသည့်အခက်အခဲများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးလိုခြင်းတို့ကြောင့် လာရောက်ခြင်း ဖြစ်ကြောင်း၊ ပြည်သူ့ စစ်မှုထမ်းများကို မိမိတို့ တပ်မတော်အနေဖြင့် နွေးနွေးထွေးထွေးကြိုဆိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအဖြစ်ပြဋ္ဌာန်းခဲ့ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာတည်စေခဲ့သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ကြောင်း။

အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို မိမိကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ ပြည်ထောင်စု အစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ အတွင်းရေးမှူးအဖြစ် စစ်ရေးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ ပါဝင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဗဟိုအဖွဲ့ဖွဲ့စည်းပြီး ဗဟိုအဖွဲ့မှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်း တာဝန်များကို စနစ်တကျ စီမံချက်ချပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၈ ပုဒ်မ ၃၈၆တွင်လည်း "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟု ဖော်ပြထားပါကြောင်း။

ယခု သင်တန်းများတွင် တက်ရောက် နေသူများသည် ကိုယ်တိုင်ဆန္ဒပြုသူများဖြစ်သည်ကို သိရှိရပါကြောင်း၊ ကိုယ်တိုင်ဆန္ဒပြု၍ ဝင်ရောက်လာခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်စွာကြိုဆို ဂုဏ်ယူပါကြောင်း၊ တပ်မတော်သားတစ်ယောက် ဖြစ်လာပါက ပေးအပ်သည့် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ နေ့စဉ်ရွတ်ဆိုသည့် သစ္စာအဓိဋ္ဌာန်လေးချက်တွင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန်ဟု ပင် အဓိဋ္ဌာန်ပြုထားပါကြောင်း၊ စစ်သင်တန်းဖြစ်၍ စနစ်တကျဖြင့် စည်းနှင့် ကမ်းနှင့်အညီ နေထိုင်ရန်လိုအပ်ကြောင်း၊ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းစေရန်နှင့် နိုးကြားဖြတ်လတ်၍ တက်ကြွရန် လိုအပ်ပါကြောင်း၊ အမြဲတမ်း တိုက်ပွဲဝင်အသင့် ဖြစ်နေရန်နှင့် ဖွဲ့သတ္တိရှိရန် လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် အမြဲတမ်းပင် ရှေ့ကမားမား မတ်မတ် ရပ်တည်ခဲ့ကြောင်း၊ မိမိတို့ တပ်မတော်သားများအနေဖြင့် ရဲသော်မသေ သေသော်ငရဲ မလားဆိုသည့် ဆောင်ပုဒ်အတိုင်း ပေးအပ်သည့်တာဝန်ကို ရဲဝံ့ ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်ကြောင်း၊ သင်ကြားပေးသည့် စစ်ပညာများကို ကျွမ်းကျင်စွာ တတ်မြောက်အောင် သင်ကြားကြရန်လိုကြောင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းရန် လိုသကဲ့သို့ စိတ်ဓာတ်ပိုင်းဆိုင်ရာလည်း ကြံ့ခိုင်သန်စွမ်းရန်လိုအပ်ကြောင်း၊ ပြည်သူက အားထားရသည့် တပ်မတော်သားကောင်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် လေ့ကျင့်သင်ကြားပေးသည့် စစ်ပညာများကို ကျွမ်းကျင်တတ်မြောက်ရန်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်သည့် စစ်သည်ကောင်းတစ်ယောက်ဖြစ်ရန် ကြိုးစားလေ့ကျင့်ရန်လိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား လက်နက်ငယ်သင်ခန်းစာပို့ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ထောက်ပံ့ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် တပ်မှူးတို့က လက်ခံရယူကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့သည့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ သက်ဆိုင်ရာ နည်းပြအရာရှိချုပ်များက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တိုက်ကြီးတပ်နယ် လေ့ကျင့်ရေးကျောင်း စားရိပ်သာတွင် သင်တန်းသားများနှင့် အတူတကွ နေ့လယ်စာ သုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့ကျင့်ရေးကွင်း အသီးသီး၌ လက်နက်ငယ် သင်ခန်းစာနှင့် ခန်းမအတွင်း စစ်နည်းဗျူဟာ သင်တန်းပို့ချနေမှုများ၊ သင်တန်းသားများ အိပ်ဆောင်များ၊ သင်တန်းသားစားရိပ်သာနှင့် စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

## အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့

နိုင်ငံသား တိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ်(၁)နှင့် (၂) တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး တက်ရောက်သည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ရုရှားဖက်ဒရေးရှင်း နိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov တို့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီး ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

■



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကင်းလှည့်ရေယာဉ်ခြောက်စင်း လွှဲပြောင်းပေးအပ်

**ရန်ကုန် ဇွန် ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကူအညီပေးအပ်သည့် ကင်းလှည့်ရေယာဉ် ခြောက်စင်း လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး (ဝါးတန်း)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chen Hai၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့ ဦးဆောင်၍ အခမ်းအနားတက်ရောက်လာကြသူများက လမ်းမတော်မြို့နယ် ကျွန်းမာရေးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားရှိသော ကင်းလှည့်ရေယာဉ်နှစ်စင်းပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးရာ ရေယာဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကိုပြုလုပ်ရာ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ကျေးဇူးတင်စကား ပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် လွှဲပြောင်း/လက်ခံခြင်း စာလွှာများကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

ယနေ့အခမ်းအနားတွင် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်း ဆက်ဆံရေးတို့အပေါ် အခြေပြု၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ အားကောင်းစေရေးအတွက်လည်းကောင်း ၂၈ မီတာ ကင်းလှည့်ရေယာဉ် နှစ်စင်းနှင့် ၄၈ မီတာ ကင်းလှည့်ရေယာဉ် လေးစင်း တို့ကို အကူအညီပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၅/ ၂၀၂၄)

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆ ပုဒ်မခွဲ (က)နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၆ တို့တွင် ပညာသင်ယူခွင့်နှင့် စပ်လျဉ်း၍ ဖော်ပြပါရှိပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ တို့အရ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ လူငယ်သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများမှ ကလေးသူငယ်များ၏ ပညာသင်ယူခွင့် အခွင့်အရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်တန်းပညာရေး ဆက်လက်သင်ယူလိုသည့် အကျဉ်းသား/ အကျဉ်းသူများရှိပါက သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြုခဲ့ပါသည်။

၃။ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၇ ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၆ ဦး စုစုပေါင်း အကျဉ်းသား ၂၃ ဦးအောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် ၄ ဘာသာဂုဏ်ထူးရှင် ၁ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၄ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၂ ဦးနှင့် ၁ ဘာသာ ဂုဏ်ထူးရှင် ၃ ဦး ပါဝင်ပါသည်။ ၄ ဘာသာ ဂုဏ်ထူးရှင်သည် ဝိဇ္ဇာဘာသာတွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး တတိယအမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းနှင့် လူငယ်သင်တန်းကျောင်းများမှ လူငယ်သင်တန်းသား ၈ ဦး၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ သင်တန်းသား ၂ ဦး အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်သူ အကျဉ်းသား/ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အကျဉ်းသား/ အကျဉ်းသူများ၏ ပညာသင်ယူခွင့် အခွင့်အရေး ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်

## တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ – GACC သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့-GACC သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးအစီအစဉ်ကို ယမန်နေ့နံနက်ပိုင်းက မန္တလေးမြို့ (၃၄)လမ်းနှင့် (၇၈)လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ညီနောင်အသင်းအဖွဲ့များနှင့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ် ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနား ပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ တင်ပို့လျက်ရှိသော ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့-GACC ၏ လမ်းညွှန်ချက်နှင့်အညီ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ GACC သို့ မှတ်ပုံတင်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အွန်လိုင်းစနစ်ဖြင့် ဖြစ်စေ လျှောက်ထားရာတွင် အချက်အလက်များမှန်ကန်စွာ ဖြည့်သွင်းဆောင်ရွက်ရန်နှင့် စစ်ဆေးရေး ဆောင်ရွက်ရာတွင် လျှောက်ထားသည့် ကုမ္ပဏီများအနေဖြင့် ကြိုတင်ပြင်ဆင်ရမည့် အချက်အလက်များ သိရှိနားလည်စေရန် ဆောင်ရွက်ခြင်းလည်း ဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တို့အကြား အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ် (SPS Protocol)များ လက်မှတ်ရေးထိုးထားရှိမှုမှာ သီးနှံအနေဖြင့် ဆန်၊ ပိုးအိမ်ခြောက်၊ ပြောင်းနှင့် ငှက်ပျော စသည့် Protocol လေးခု၊ မွေးမြူရေးနှင့် သဘာဝမှ ဖမ်းဆီးရရှိသည့် ရေထွက်ပစ္စည်းတင်ပို့ခြင်းနှင့် သက်ဆိုင်သော Protocol နှစ်ခုနှင့် ကျွဲ၊ နွားအရှင် တင်ပို့ရေးနှင့် သက်ဆိုင်သည့် Protocol တစ်ခု စုစုပေါင်း ခုနစ်ခုဖြစ်ပြီး ဆက်လက်၍ ပို့ကုန်အလားအလာရှိသော SPS Protocol များ လက်မှတ်ရေးထိုးနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အသိပညာပေးအစီအစဉ်ဖွင့်လှစ်ပို့ချရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အစီအစဉ် ဒုတိယပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့-GACC သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာများကို အသိပညာပေး ဆွေးနွေးကြသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ လယ်ယာထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်း ၃၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး အရေးကြီးသည့် ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်နှင့်အညီ ကုန်သွယ်မှုဆိုင်ရာ လိုအပ်ချက်များကို ကုမ္ပဏီများလိုက်နာဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ယခုဖွင့်လှစ်ပို့ချသည့် "အသိပညာပေးအစီအစဉ်"သည် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေး ထွက်ကုန်များအရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်း (မန္တလေး)တွင် ဓာတ်ခွဲခန်းပညာရှင်များနှင့်တွေ့ဆုံ၍ ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ဓာတ်ခွဲခန်းပညာရပ်အသစ်များ စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသွားကြရန်နှင့် ပညာရှင်အချင်းချင်း နည်းပညာမျှဝေဖလှယ်သော အလေ့အကျင့်ကောင်းများဖြင့် စွမ်းဆောင်ရည်မြင့်မားသော မျိုးဆက်သစ်ဓာတ်ခွဲခန်းပညာရှင်များ မွေးမြူပျိုးထောင်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှူးရုံး အစည်းအဝေး ခန်းမတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေ စီမံကိန်းနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးစီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အဓိက သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်ရရှိရေး ကျရာကဏ္ဍက ပညာရှင်ဆန်သော စွမ်းဆောင်မှု ထုတ်ဖော်ပြသနိုင်ရေးနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ကျင့်ဝတ်သိက္ခာနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည်မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ခရိုင်နှင့်မြို့နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်လေးခုမှ ဒေသခံတောင်သူများကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် အမှတ်(၈)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတများရရှိပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ယနေ့ နံနက်(၁၀)နာရီက အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် အမှတ်(၈) အခြေခံပညာမူလတန်း(လွန်)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးဆွေက အလိမ္မာစာမှာရှိ၊ ပညာရဲရင့်ပွဲလယ်တင့်၊ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အားလပ်ချိန်များတွင် စာပေများလေ့လာဖတ်ရှုစေရေး အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာပေမြင့်မှလူမျိုးတင့်မည်၊ ပညာရွှေအိုးလူမခိုး၊ ပညာလိုအိုသည်မရှိနှင့် စာပေဖတ်ရှုခြင်းကြောင့်ရရှိသည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

အသိပညာပေးဟောပြောပွဲ အပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် စာအုပ်၊ စာစောင်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းများနှင့် ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၄၈၅)

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့တွင်းအဓိကလမ်းမကြီးများ သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်နေမှုနှင့် သစ်ပင်ကြီးများရှိ မြင်ကွင်းကွယ် သစ်ကိုင်းများ ရှင်းလင်း၍ အလင်းဖွင့်ဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ နံနက်ပိုင်းက အပတ်စဉ် အင်္ဂါနေ့တိုင်း ဆောင်ရွက်လျက်ရှိသော မြို့တွင်းအဓိကလမ်းမကြီးများအား မြို့တော်စည်ပင်ဌာနများမှ ဝန်ထမ်းအင်အား ၁၀၀ ကျော်ဖြင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ သတ်မှတ်နေရာအလိုက် စုပေါင်းဆောင်ရွက်နေမှုများကို လှည့်လည်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၂၆ လမ်းမှ ၂၄လမ်းကြား၊ ၆၄လမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ယာရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ သစ်ပင်မြင့်ကြီးများအား အလင်းဖွင့်လုပ်ငန်း ကရိန်းကား၊ သစ်ပင်ဖြတ်စက်အသုံးပြုကာ ဆောင်ရွက်နေမှု၊ ၆၄လမ်း ငွေတစ်ချောင်းမြောင်းမကြီး ဘေးဝဲ၊ယာရှိ မြင်ကွင်းကွယ် အပင်များအား အောက်ခြေရှင်းလင်းခြင်းလုပ်ငန်း၊ အမှိုက်သိမ်းကားဖြင့် အမှိုက်များ သိမ်းဆည်းရှင်းလင်းခြင်းလုပ်ငန်းများ လမ်းဘေး ဝဲ၊ယာရှိ ဝိုင်ဖိုင်ကြိုးများအား အမြင်ရှင်းလင်းမှုရှိစေရန် ဆောင်ရွက်နေမှု၊ လမ်းဘေး ဝဲ၊ယာ အမြင်မတင့်တယ်ဘဲ ယိုင်နေသည့် လမ်းညွှန်ဆိုင်းဘုတ်များအား တည့်မတ်ခြင်း၊ ငွေတစ်ချောင်းမြောင်းမကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များ စွန့်ပစ်မှုမရှိစေရေး အသိပညာပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းတို့ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများအား မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ စစ်ဆေးကြည့်ရှုခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် လမ်း ၃၀နှင့်၃၅လမ်းကြား၊ ၆၆ လမ်းတစ်လျှောက်လမ်းဘေး ဝဲ၊ယာရှိ အပင်ကြီးများအား အလင်းဖွင့်ရှင်းလင်းဆောင်ရွက်နေမှု၊ ပညာရေးကောလိပ်ရှေ့မျက်နှာစာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးဌာနလုပ်သားများက မြောင်းဆယ်ရှင်းလင်းနေမှုကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ် ၆၃လမ်းနှင့်၆၄လမ်းကြား၊ ၄၁လမ်းတစ်လျှောက် ဘေးဝဲ၊ယာ သန့်ရှင်းရေးလုပ်ငန်း၊ အပင်မြင့်ကြီးများ အလင်းဖွင့်ခြင်းလုပ်ငန်းနှင့် ရေနုတ်မြောင်းဆယ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က ၄၁လမ်းသည် ယာဉ်အသုံးပြုမှု များပြားသည့် လမ်းမကြီးတစ်ခုဖြစ်သည့်အတွက် ထပ်မံ၍ တပ်ဆင်ပေးရန် လိုအပ်နေသေးသည့် မီးပွိုင့်တပ်ဆင်ခြင်း လုပ်ငန်းများ အမြန်ဆုံးတပ်ဆင်ပေးရေးကိစ္စအား အဆောက်အအုံနှင့်ကုန်းရုံဌာန အရာထမ်းများအား မှာကြားခဲ့သည်။

ယင်းနောက်မြို့တော်ဝန်နှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် (ရန်ကုန်-မန္တလေးလမ်း)လေယာဉ်ကွင်းအဟောင်းအဝင်လမ်းသို့ ရောက်ရှိကြပြီး အဆိုပါ ရန်-မန်း လမ်းမကြီးတစ်လျှောက် မြင့်မားအုံ့ဆိုင်းနေသည့် သစ်ကိုင်းများအား သစ်ပင်ဖြတ်စက်အသုံးပြု၍ ကရိန်းကားဖြင့် အလင်းဖွင့်ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊



(ရန်-မန်း)လမ်းမကြီးနှင့် ဆိုင်ကယ်လမ်းအကြား မြေလွတ်နေရာများ၌ စိမ်းလန်းစိုပြည်ရေးအတွက် မြက်စိုက်ခင်းနှင့် ပန်းအလှပင်များအား အောက်ခြေပေါင်းရှင်းမြေ ပြုပြင်ခြင်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က (ရန်-မန်း) လမ်းမကြီး လမ်းလယ်ကျွန်းတစ်လျှောက်ရှိ အပင်များအား လုံးဝန်းပြီး တစ်ညီတစ်ညာတည်း ညီညာလှပနေအောင် လမ်းလယ်ကျွန်း အပင်တန်းများအား ပြုပြင်ပေးရန် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အမရပူရမြို့နယ် တောင်သမန်ပတ်လမ်း၊ အာရဘဏ်လမ်းခွဲထိပ်၌ လမ်းဘေး ဝဲ၊ယာ အပင်မြင့်ကြီးများ၏ လမ်းပေါ်သို့ အုပ်မိုးကျနေသည့် သစ်ကိုင်းများအား ကရိန်းကား၊ သစ်ပင်ဖြတ်စက် အသုံးပြု၍ အလင်းဖွင့်ရှင်းလင်းဆောင်ရွက်နေမှု၊ တောင်သမန်ပတ်လမ်းတစ်လျှောက် အပင်များအောက်ခြေမြင်ကွင်းကွယ် သစ်ကိုင်းများအား ရှင်းလင်းဆောင်ရွက်နေမှုနှင့် သန့်ရှင်းသာယာရေး အတွက် အမှိုက်များ သိမ်းဆည်းရှင်းလင်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**







## အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲကျင်းပ

**ပုသိမ်ကြီး ဇွန် ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀နာရီက အဆိုပါဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဟေမာစိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားကာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြများက မိတ်ဆက်စကားပြောကြား၍ သင်တန်းသားများအား တာဝန်ရှိသူများက သင်ရိုးညွှန်းတမ်းစာအုပ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းအား ဇွန် ၁၁ရက်မှ ၂၀ရက်အထိ သင်တန်းသူ ၂၀ဦးဖြင့် ဖွင့်လှစ်ကာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

၀-၀-၀-၀-၀



## သန့်ရှင်းသာယာလှပရေးစုပေါင်းဆောင်ရွက်

**အင်းတော် ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများစုပေါင်း၍ ယမန်နေ့နံနက် ၈နာရီက မြို့နယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အင်းတော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဆေးရုံကြီးဝင်းအတွင်းရှိ သစ်ပင် ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်လှည်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၅၇)

## အောင်မြေသာစံမြို့နယ် ၅၈လမ်းတွင် အုတ်သယ်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ

**မန္တလေး ဇွန် ၁၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ ၅၈ လမ်း၊ လမ်း ၂၀နှင့် ၂၁လမ်းကြားတွင် FORLAND အမျိုးအစားအဖြူရောင်အုတ်သယ်ယာဉ်နှင့် MDY 49W/---- ကင်တာအမျိုးအစားအနက်ရောင် မော်တော်ဆိုင်ကယ်တို့ ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က တိုက်မိမှုဖြစ်ပွားရာ ဆိုင်ကယ်မောင်းသူအမျိုးသားမှာ နေရာတွင် သေဆုံးသွားခဲ့သည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မှူစစ်ရဲစခန်းက သေမှုသေခင်းစစ်ဆေးပြီး လူမှုကူညီရေးအသင်းယာဉ်ဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ဌာနသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(ဝ၄၅)

*-*-*-*-*-*

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ) အတွင်းယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။




## စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျိုင်းတုံ ဇွန် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ကျိုင်းတုံ)တွင် ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်လင်းဦးနှင့် ဝန်ထမ်းများက စားသုံးသူအခွင့်အရေးများ၊ စားသုံးသူ၏တာဝန်များ၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ စားသုံးသူကတောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ အာမခံချက်ပေးခြင်းများ စသည့် စားသုံးသူကာကွယ်ရေးဆိုင်ရာအကြောင်းအရာများကို နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ကျိုင်းတုံ)မှ ကျောင်းသား၊ ကျောင်းသူတိုင်းရင်းသားလူငယ်များအား အသိပညာပေးဟောပြောပြီး စားသုံးသူရေးရာနှင့်စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်များ ပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## သာစည်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် ဇွန် ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇွန် ၈ ရက် ညနေ ၅ နာရီခွဲက သာစည်မြို့နယ်၊ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ မန္တလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ဝင်းအောင်နှင့် မခင်အေးမြင့်တို့၏ လွယ်အိတ်များအတွင်းမှ ဘိန်းစိမ်းအလေးချိန် ၈ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား လည်းကောင်း၊အလားတူ ယင်းနေ့ည ၁၁နာရီ မိနစ် ၅၀တွင် ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ၌ တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မမေရီဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အားလည်းကောင်း၊ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဝင်းအောင်(၅၂)နှစ်၊မခင်အေးမြင့်(၅၉)နှစ်နှင့် မမေရီဦး(၂၁)နှစ်တို့အား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန် သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် စက်မှုကုန်ကြမ်းပစ္စည်း Footwear Reclaimed ၃၀၆၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းနှစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Vanguard ယာဉ်တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၌ တရားမဝင်အခြားသစ် ၂ ဒသမ ၁၅၉ တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## နောင်ချိုမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇွန် ၈ ရက် ညနေ ၇နာရီခွဲက နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် စိုင်းလှထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ပေါ်တွင် သယ်ဆောင်လာသော Sound Box အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းလှထွန်း(၄၀)နှစ်အား နောင်ချိုမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# လျှပ်စစ်အန္တရာယ် အစဉ်သတိပြုဖွယ်

၁၀-၆-၂၀၂၄ စာမျက်နှာ(၁၇)မှ အဆက်

လျှပ်စစ်အန္တရာယ် လျော့နည်းကျဆင်းရေးအတွက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ အချက်များကို သတိပြု၍ ကာကွယ်ဆောင်ရွက်သွားကြရန် အထူးပင်လိုအပ်လှပါသည်။

(၁) ဓာတ်အားလိုင်းအနီးတွင် သံချောင်း၊ သံပိုက်၊ ဝါးလုံးများ အသုံးပြု၍ လုပ်ငန်းများ မဆောင်ရွက်ရန်

(၂) ဓာတ်အားလိုင်းအနီးတွင် ဆိုင်းဘုတ်တပ်ဆင် ပြုလုပ်ခြင်း၊ တယ်လီဖုန်းလိုင်းပြုပြင်ခြင်း၊ သစ်ပင်၊ သစ်ကိုင်းခုတ်ခြင်းများ ပြုလုပ်ပါက သက်ဆိုင်ရာလျှပ်စစ်ဌာနသို့ အကြောင်းကြားပြီးမှ ဆောင်ရွက်ရန်

(၃) ဓာတ်အားလိုင်းအနီး ကုန်တင်ကားများ ကရိန်းကား စသည့် ကားအမြင့်များရပ်၍ အတင် အချ မပြုလုပ်မိရန်

(၄) ဓာတ်တိုင်လဲခြင်း၊ ဓာတ်ကြိုးပြတ်ကျခြင်းများ တွေ့ရှိပါက ဖြတ်ကျော်သွားလာခြင်းမပြုဘဲ သက်ဆိုင်ရာ လျှပ်စစ်ဌာနသို့ အမြန်အကြောင်းကြားရန်

(၅) မြစ်ချောင်း၊ ရေကန်၊ ရေအိုင်များအတွင်း ဓာတ်ကြိုးပြတ်ကျနေသည်ကို တွေ့ရှိရပါက လုံးဝဆင်းသက်ခြင်း မပြုလုပ်ရန်

(၆) အိမ်သွယ်ကြိုးနှင့် ပူးတွဲချည်ထားသော ဝန်ထမ်းကြိုးအား အဝတ်လှန်းကြိုးအဖြစ် အသုံးမပြုကြရန်

(၇) ဟောင်းနွမ်းဆွေးမြေ့ ပေါက်ပြဲနေသော အိမ်သွယ်ကြိုးများအား အမြန်လဲလှယ်တပ်ဆင် အသုံးပြုရန်

(၈) နီးစပ်ရာ ဓာတ်အားလိုင်းမှ နေအိမ်သို့ တရားမဝင် ခိုးယူသွယ်တန်း အသုံးမပြုရန်

(၉) အရည်အသွေးကောင်းမွန်သော လျှပ်စစ်ပစ္စည်းများကိုသာ အသုံးပြု၍ ပေါက်ပြဲကွဲအက် ပျက်စီးနေပါက ချက်ချင်းလဲလှယ်အသုံးပြုရန်

(၁၀)ရေစိုနေသောလက်ဖြင့် ခလုတ်ပိတ်ဖွင့်ခြင်း၊ ပလပ်ဆွဲဖြုတ်ခြင်းများ မပြုလုပ်ရန်

(၁၁) အိမ်သုံးလျှပ်စစ်ပစ္စည်းများ လျှပ်စစ်ပြုပြင်လိုပါက လုံးဝပင်မခလုတ်(Main Switch) ကို ပိတ်ပြီးမှ ပြုလုပ်ဆောင်ရွက်ရန်

(၁၂) ကိုယ်တိုင်မကျွမ်းကျင်ဘဲ ပြုပြင်ဆောင်ရွက်မှု လုံးဝမပြုလုပ်ဘဲ လျှပ်စစ်ကျွမ်းကျင် လက်မှတ်ရသူများကိုသာ ဆောင်ရွက်စေရန်

(၁၃) လူနှင့်ထိတွေ့ကိုင်တွယ်နေရသော လျှပ်စစ်ပစ္စည်းများကို 3Pin Socket များသာ အသုံးပြုရန်နှင့် Earth သေချာချထားပြီးမှ သုံးစေရန်

(၁၄)လျှပ်စစ်ဆိုင်ရာ Panel Box များကို တာဝန်ရှိသူများမှအပ ကျန်သူများ အလွယ်တကူ မဖွင့်နိုင်စေအောင်ပြုလုပ်ထားရန်

(၁၅) လျှပ်စစ်ကိုယာယီအတွက်သာ အသုံးပြုရန်လိုအပ်ပါက အသုံးပြုပြီးသည်နှင့် ချက်ချင်း ဖယ်ရှားသိမ်းဆည်းရန်

(၁၆)လျှပ်စစ်လုပ်ငန်းဆောင်ရွက်သော လုပ်သားများအနေဖြင့် Safety ဝတ်စုံ(ရာဘာလက်အိတ်၊ ရာဘာဖိနပ်စသည်) အပြည့်အစုံဝတ်ဆင်ပြီးမှ လုပ်ငန်းများ ဆောင်ရွက်ကြစေရန်

(၁၇) လျှပ်စစ်ပစ္စည်းများကို သုံးရာတွင် လျှပ်စစ်ယိုစီးမှု ရှိ၊ မရှိ အမြဲတစေ စစ်ဆေးကြည့်ပြီးမှ အသုံးပြုကြရန်

(၁၈) လျှပ်စစ်ဓာတ်ကြိုးရှိရာ အနီးတစ်ဝိုက်တွင် သံ၊ သတ္တု လှေကားများအသုံးပြု၍ လုပ်ငန်းဆောင်ရွက်ခြင်းများ မပြုလုပ်ကြရန်

လျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိရေးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်ကြဖို့လိုသည်ဖြစ်ရာ လျှပ်စစ်အသိပညာကို နေရာမရွေး၊ ဒေသမရွေး၊ လူမျိုးမရွေးသိရှိနားလည်လိုက်နာကျင့်သုံးကြဖို့ အလွန် လိုအပ်လှပါသည်။ ငါနဲ့မဆိုင်သေးဟူ၍ သဘောမထားသင့်ပါ။ လျှပ်စစ်ကို အသုံးပြုသည်နှင့် လျှပ်စစ်အသိရှိနှင့်နေပြီး ဖြစ်နေရပါမည်။ မိမိတို့နေအိမ်အဆောက်အအုံစသည်တို့နှင့် ဓာတ်အားလိုင်း များရှိသင့်သော အကွာအဝေးအားလည်း ဗဟုသုတရနိုင်ကြစေရန် ဖော်ပြအပ်ပါသည်-

| စဉ် | ဗို့အား | ရေပြင်ညီဘေးတိုက်အကွာအဝေး | ထောင်လိုက်အကွာအဝေး |
|---|---|---|---|
| ၁ | ၂၃၀ဗို့အား | ၄ ပေ | ၈ ပေ |
| ၂ | ၄၀၀ဗို့အား | ၄ ပေ | ၈ ပေ |
| ၃ | ၁၁၀၀၀ဗို့အား | ၈ ပေ | ၈ ပေ |
| ၄ | ၃၃၀၀၀ဗို့အား | ၁၀ ပေ | ၁၂ ပေ |

ခန္ဓာဗေဒသဘောအရ လျှပ်စစ်ဓာတ်အားသည် ဆွဲငင်တတ်သော သဘောရှိသည်။ ပုံမှန်အတိုင်း ထိကိုင်မိလျှင် ဥပမာလက်ဖြင့် ဆုပ်ကိုင်မိသည်ဆိုပါစို့ အကြောပါလိုက်၍ ကွေးသွားသဖြင့် ဓာတ်ကြိုးကို ဆုပ်ကိုင်မိထားသကဲ့သို့ဖြစ်ကာ ဖြုတ်မရဘဲ ဖြစ်နေတတ်ပါသည်။ ဓာတ်လိုက်နေသူအား သွားမထိဖို့လည်းလိုပါသည်။ ဓာတ်လိုက်နေစဉ်အတွင်း ဓာတ်ကြိုး(သို့ဟုတ်)ဓာတ်လိုက်သည့် ပစ္စည်းအား လျှပ်ကာပစ္စည်းတစ်ခုခုသုံး၍ ခန္ဓာကိုယ်နှင့်လွတ်အောင် အလျင်အမြန် ဖယ်ရှားပစ်ဖို့လိုပါသည်။ Tester မပါ၍ လျှပ်စစ်စီးကြောင်း စီးဝင်မှုရှိ၊ မရှိကို အချို့ကျွမ်းကျင်လုပ်သားကြီးများက လက်ပြန် အနေအထားဖြင့် စမ်းသပ်လေ့ရှိကြသည်။ အကြောပြန်ကန်၍ မဆုပ်ကိုင်နိုင်ဘဲ ကန်ထွက်သည့် သဘော ရှိသောကြောင့် ဖြစ်သည်။ အမှန်အားဖြင့်ဆိုလျှင် မလုပ်သင့်လှပါ။ လျှပ်စစ်ပစ္စည်း မှန်သမျှတွင် လျှပ်စစ်ရှိနေနိုင်သည်ဟူသောအတွေးဖြင့်သာ လျှပ်ကာပစ္စည်းများဖြင့် အသေအချာကာကွယ်ပြီးမှ ကိုင်တွယ်အသုံးပြုခြင်းနှင့် ဓာတ်လိုက်စေသည့်အချက်များကို ရှောင်ကြဉ်ခြင်းသည်သာ လျှပ်စစ် အန္တရာယ်အား လျော့နည်းကျဆင်းစေမှာဖြစ်ပါသဖြင့် သတိတရားလက်ကိုင်ထား၍ သတိမလွှတ်စေ ခြင်းဖြင့်သာ ဓာတ်လိုက်မည့်အန္တရာယ်ကို လျှော့ချသွားနိုင်ကြပါရန် တိုက်တွန်းရေးသား တင်ပြလိုက် ရပါသည်။

မောင်မောင်စွယ်စုံထွန်း

## ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်လမှ(၁)နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံပေး

ညောင်ဦး ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာများမှအသက် နှစ်လမှ တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင် များအား ပုံမှန်ကာကွယ်ဆေး များ ထိုးနှံပေးခြင်းကို ဇွန် ၇ရက် နံနက် ၉ နာရီမှစတင်ပြီး မြို့နယ် မိခင်နှင့် ကလေးကျန်းမာရေးဌာန နှင့် ကျေးလက်ကျန်းမာရေးဌာန များတွင် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခဲ့သည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေး များ ထိုးနှံပေးရာတွင် မြို့နယ် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ က အသက်နှစ်လမှ တစ်နှစ် ခွဲအထိ ကလေးငယ်များကိုဘီစီ ဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ (ရိုတာ)ပိုလီယိုပြင်းထန်အဆုတ် ရောင်(ပီစီဗီ)၊ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ကာကွယ်ဆေးများကို အသက် အရွယ်၊ အပိုင်းအခြားအလိုက် ထိုးနှံပေးရာတွင် ပုံမှန်ကာကွယ် ဆေး လာရောက်ထိုးနှံသော အသက် နှစ်လမှတစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် မေးခိုင် ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင် မိခင် ၂၀၇ ဦးတို့အား ထိုးနှံပေး ခဲ့ကြကြောင်း ပုံမှန်ကာကွယ် ဆေးများ ဆက်လက်ထိုးနှံပေး သွားမည်ဖြစ်ကြောင်းလည်း မြို့ နယ်မိခင်နှင့် ကလေးကျန်းမာရေး ဌာနမှ တာဝန်ရှိသူများထံက သိရ သည်။



(ဓဲပုံ)
(၄၈၁)

## ကျေးရွာပေါင်း ၁၆ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

မိတ္ထီလာ ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာ ပေါင်း ၁၆ ရွာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက စီမံကိန်း ကဏ္ဍများအလိုက် ဆောင်ရွက် သွားမည်ဖြစ်သည်။ (ယာပုံ)



အဆိုပါလုပ်ငန်းများ ဆောင် ရွက်ရာတွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း(SMA-RT Village )ကို ညောင်မြင့် ကျေးရွာအုပ်စု ပျော်ကုန်းကျေးရွာ တွင်လည်းကောင်း၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ဆပ်ပြာကျင်း ကျေးရွာအုပ်စု ကန်ကြီးကုန်းကျေး ရွာတွင်လည်းကောင်း၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို မြင်းကန်ကျေးရွာ၊ အုပ်စုအိုင့်ကျေးရွာ၊ မြောက်လည် ကျေးရွာအုပ်စု ဝွေးကုန်းကျေးရွာ၊ ကုက္ကိုကုန်းကျေးရွာအုပ်စု တောင်း ကောက်ကျေးရွာ၊ အိုင်ကြီးလည် ကျေးရွာအုပ်စု အိုင်ကြီးလည် ကျေးရွာ၊ ကြွယ်ကန်ကျေးရွာ အုပ်စုမကျီးကုန်းကျေးရွာ၊ တောမ ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၊ ကန်တောင်ကျေးရွာအုပ်စု ရွာသစ် ကျေးရွာ၊ ဆည်ကုန်းကျေးရွာ အုပ်စု ငဆက္ကန်ကျေးရွာ၊ ကျောက် ဖူးကျေးရွာအုပ်စုကန်ခြား(တောင်) ကျေးရွာ၊ ဝါးရုံကျေးရွာအုပ်စု အင် အုန်းကျေးရွာ၊ ဇရပ်ကုန်းကျေးရွာ အုပ်စု၊ ဝွေးချိုကျေးရွာ၊ သီးကုန်း ကျေးရွာအုပ်စု သီးကုန်းကျေးရွာ၊ ရေဝေကျေးရွာအုပ်စု ရေဝေကျေး ရွာနှင့် ကွက်ငယ်ကျေးရွာအုပ်စု ဇီးချိုကုန်းကျေးရွာတို့တွင်လည်း ကောင်း၊ကျေးလက်စီးပွားမြင့်မား ရေး ရန်ပုံငွေထူထောင်ခြင်းလုပ် ငန်းစီမံကိန်း(RBF)ကို ညောင် မြင့် ကျေးရွာအုပ်စု ပျော်ကုန်း ကျေးရွာတို့တွင်လည်းကောင်း အသီးသီးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းဝင်း ထံက သိရသည်။ (၄၅၃)

# နိုင်ငံတကာ အားကစား သတင်းများ



## ပေဘီယန်ဟာဇီလာအား နည်းပြသစ်အဖြစ်ခန့်အပ်ရန် ဘရိုက်တန်အသင်း ဆွေးနွေး

**လန်ဒန် ဇွန် ၁၁**

ပရီးမီးယားလိဂ်ကလပ် ဘရိုက်တန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဖေဘီယန်ဟာဇီလာအား ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အဆိုပါ နည်းပြသည်လက်ရှိအချိန်တွင် စိန့်ပေါလီအသင်းအား ဘွန်ဒက်လီဂါသို့ တန်းတက်နိုင်အောင် ဆောင်ရွက်ပေးနိုင်သော နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဘရိုက်တန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ဖေဘီယန်ဟာဇီလာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်နည်းပြလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် နည်းပြ ဟေဘီယန်ဟာဇီလာအား ဘရိုက်တန်အသင်းနည်းပြအဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။(ဝဲပုံ) (NGB)



## 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဇွန် ၁၇ရက်တွင် စတင်မည်

**မြူးနစ် ဇွန် ၁၁**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇွန် ၁၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၇ရက်မှ ၂၄ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Terra Wortmann Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ကာဇက်စတန်တင်းနစ်ကစားသမား Alexander Bublik ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဆာဒီလက်ခ် ခြေထောက်ဒဏ်ရာကြောင့် ချက်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

**လန်ဒန် ဇွန် ၁၁**

ချက်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ဆာဒီလက်ခ် ခြေထောက်ဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ပြီ ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် စက်ဘီးမတော်တဆဖြစ်ခဲ့ပြီး ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဆာဒီလက်ခ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ချက်လက်ရွေးစင်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဆာဒီလက်ခ်သည် ချက်လက်ရွေးစင်အသင်းနှင့်အတူ ပြိုင်ပွဲ ၂၄ ပွဲကစားကာ ၁ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ (ယာပုံ) (NGB)





## အီတီယန်နီကာပူး ဗီလာရီးရဲလ်အသင်းမှ ထွက်ခွာ

**မက်ဒရစ် ဇွန် ၁၁**

ကွင်းလယ်ကစားသမား အီတီယန်နီကာပူး ဗီလာရီးရဲလ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်သောကြောင့် အသင်းမှ ထွက်ခွာလာခဲ့ပြီဖြစ်သည်။ အသက်(၃၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများအပြင်၊ ဆော်ဒီကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား အီတီယန်နီကာပူးသည် ကစားသမားဘဝတစ်လျှောက်တွင် တူးလော့စ်၊ စပါး၊ ဝက်ဖို့ဒ်၊ ဗီလာရီးရဲလ် စသည့်ကလပ်အသင်းများတွင် ပြိုင်ပွဲပေါင်း ၅၆၁ပွဲကစားကာ ၄၁ဂိုးထိ သွင်းယူပြီးလည်း ခြေစွမ်းပြထားခဲ့သည်။

ထို့ကြောင့် ဗီလာရီးရဲလ်အသင်းမှထွက်ခွာခဲ့သော အီတီယန်နီကာပူးအနေဖြင့် လာမည့်ဘောလုံးရာသီသစ်တွင် မည်သည့်အသင်းသို့ ပြောင်းရွှေ့ကစားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အိုမာရီဖော်ဆင်အား မွန်ဇာအသင်း ခေါ်ယူ

**တူရင် ဇွန် ၁၁**

မွန်ဇာအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း လူငယ်တောင်ပံကစားသမား အိုမာရီဖော်ဆင်အား ခေါ်ယူခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းကြီးတွင် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက စတင်ပါဝင်ကစားခွင့်ရခဲ့ပြီး ပြိုင်ပွဲစုံ ခုနစ်ပွဲကစားကာ ခြေစွမ်းပြထားသလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် မွန်ဇာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



မွန်ဇာအသင်းထုတ်ပြန်ချက်တွင် "အိုမာရီဖော်ဆင်အား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း နောက်ထပ် ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)



## နယ်သာလန်အသင်းက အိုက်စလန်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၁၁**

နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နယ်သာလန်အသင်းနှင့် အိုက်စလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်အသင်းက အိုက်စလန်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နယ်သာလန်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၂၃မိနစ်တွင် ဆိုင်မွန်၊ ပွဲချိန် ၄၉မိနစ်တွင် ဗန်ဒိုက်ချ်၊ ပွဲချိန် ၇၉မိနစ်တွင် မေလန်၊ ပွဲချိန် ၈၃မိနစ်တွင် ဝက်ဟော့ဒ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

နယ်သာလန်အသင်းသည် ယူရို ၂၀၂၄ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၆ရက်တွင် ပိုလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အလက်ဆစ်ဆန်းချက်ဇ်အား ခေါ်ယူရန် အင်တာမိုင်ယာမီအသင်းနှင့် ထရက်ဇွန်စပေါ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**မီလန် ဇွန် ၁၁**

အင်တာမိုင်ယာမီအသင်းနှင့် ထရက်ဇွန်စပေါ်အသင်းတို့သည် အင်တာမီလန်အသင်းမှ ထွက်ခွာခဲ့သည့် ဝါရင့်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အသက်အရွယ်ပိုင်းရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသောကြောင့် အင်တာမိုင်ယာမီအသင်းနှင့် ထရက်ဇွန်စပေါ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်သည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၃ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် အင်တာမိုင်ယာမီအသင်းနှင့် ထရက်ဇွန်စပေါ်အသင်းတို့အနေဖြင့် အသင်းလက်မဲ့ဖြစ်နေသော အလက်ဆစ်ဆန်းချက်ဇ်အား မည်သည့်အသင်းက လက်ဦးမှု ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ယာပုံ) (NGB)



## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၃-၆-၂၀၂၄ ကြာသပတေးနေ့ | နံနက် ၀၅:၃၀နာရီ | အမေရိကန် - ဘရာဇီး |
| ။ | နံနက် ၀၇:၀၀နာရီ | အီကွေဒေါ - ဘိုလီးဗီးယား |

## ဖိုဒန်အား လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် မန်ချက်စတာစီးတီးအသင်း စီစဉ်

**မန်ချက်စတာ ဇွန် ၁၁**

မန်ချက်စတာစီးတီးအသင်းသည် အသင်းကွင်းလယ်ကစားသမား ဖိုဒန်အား လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ခဲ့ပါက တစ်ပတ်လုပ်ခလစာငွေ စတာလင်ပေါင် ၃၇၅၀၀၀ ရရှိမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဖိုဒန်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၀ပွဲကစားပြီး ၈၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။



မန်ချက်စတာစီးတီးအသင်းထုတ်ပြန်ချက်တွင် "ဖိုဒန်အား လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီ အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)



## မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ရွှေးစုအနောက်ရွာ၊ သဒ္ဓမ္မလင်္ကာရကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကဆုန်လပြည့်ကျော် ၁၀ ရက်မှ ၁၅ ရက် နံနက်အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့သည်။ အဆိုပါ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပိတ်သိမ်းအောင်ပွဲကို ဇွန် ၆ ရက် နံက် ၈ နာရီတွင် အဆိုပါကျောင်းတိုက်အတွင်းရှိဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အောင်ပွဲအခမ်းအနားသို့ သဒ္ဓမ္မလင်္ကာရကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဉေယျ အမှူးပြုသော ကျောင်းတိုက်အတွင်းရှိ သံဃာတော်များ၊ ပင့်ဖိတ်သံဃာတော် ၄၀ ပါးကျော်ကြွရောက်တော်မူပြီး ပဋ္ဌာန်းကုသိုလ်ရှင် ဒါယကာ၊ ဒါယိကာမများမှ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ကြသည်။ ထို့နောက် ကျေးရွာအမျိုးသမီးဝတ်ရွတ်အဖွဲ့မှ အောင်ဆုဂါထာတော်ရွတ်ဖတ်ကြပြီး ကြွရောက်လာသော သံဃာတော်အရှင်မြတ် ၂ ပါးမှ အောင်ဆုပဋ္ဌာနဂါထာတော်နှင့် ကျောင်းတိုက်နာယက ဆရာတော်မှ ပဋ္ဌာန်းရွတ်ဖတ်ခြင်းအကျိုး၊ လှူဒါန်းခြင်းအကျိုးနှင့် လှူဒါန်းမှုအစုစုအတွက် သာဓုအနုမောဒနာ ရေစက်ချတရားဟောကြားကာ ကြွရောက်လာသော သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများမှ အမျှပေးဝေ သာဓုခေါ်ဆိုကြသည်။

ထို့နောက် သံဃာတော်များနှင့် ပဋ္ဌာန်းဒါယကာ၊ ဒါယိကာမများမှ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းကြသည်။ ဆက်လက်၍ ပဋ္ဌာန်းရွတ်ဖတ်သံဃာတော်နှင့် ကျောင်းတိုက်အတွင်းရှိ ရဟန်းသာမဏေများအား ကျောင်းတိုက်အတွင်းရှိ ရွာဦးဆုတောင်းပြည့်စေတီပတ်လည်တွင် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပဋ္ဌာန်းဒါယကာ၊ ဒါယိကာမများမှ ဆွမ်းဆန်စိမ်းနှင့် နဝကမ္မငွေနှင့် ဝတ္ထုပစ္စည်းများလောင်းလှူပူဇော်ကြပြီး နေ့ဆွမ်းဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၉)

## ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**စဉ့်ကိုင် ဇွန် ၁၁**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပစေရေးနှင့် စိမ်းလန်းစိုပြည်စေရေး၊ ကျောင်းဥပတိရုပ်ပိုမိုကောင်းမွန်လာစေရန်အတွက် အခြေခံပညာကျောင်းများ၌ ကျောင်းအတွင်း၊ အပြင် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ ဇွန် ၈ ရက် နံနက် ၇ နာရီက ဇွန်ရဲကျေးရွာအုပ်စု ဇွန်ရဲ(မြောက်) ကျေးရွာရှိ အ·ထ·က(ဇွန်ရဲ) ကျောင်း၌ ကျောက်ဆည်တပ်နယ်မှူး ဦးဆောင်သည့် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည် ရဲမေများ၊ စဉ့်ကိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျောက်ဆည် တပ်နယ်မှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ပြည့်ဖြိုးအောင်တို့၏ ကြီးကြပ်မှုဖြင့် တပ်ရင်းတပ်ဖွဲ့အရာရှိ၊ စစ်သည်များ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၃၀ ဦးတို့ ပူးပေါင်း၍ အ·ထ·က(ဇွန်ရဲ) ကျောင်း၏ အဝင်ရှေ့မျက်နှာစာ လမ်းဘေး ဝဲ၊ ယာများ၊ ဘောလုံးကွင်းနေရာ၊ စာကြည့်တိုက်ရှေ့၊ ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်များ၏ ရှေ့နောက်ဘေး ဝဲ၊ ယာများတွင် မြက်ပင်များ၊ နွယ်ပင်များ၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ၊ အမှိုက်များ မီးရှို့ခြင်းလုပ်ငန်းများအား စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေသူများအား အချိုရည်ဘူး၊ အာဟာရမုန့်များ၊ ရေသန့်ဘူးများ၊ ကောက်ညှင်းပေါင်း၊ မုန့်ပဲဆုပ်များ စသည်တို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၉)

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ် ရပ်ကွက်၊ ၇၃လမ်း၊ လမ်း၄၀နှင့် ၄၁လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်(ဘဘ-၁၉)၊ ၆၅လမ်းနှင့် ၁၁၄လမ်းထောင့်တွင်လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက်၊ အကွက် (ဓဓ-၄၇)၊ ၅၄လမ်း၊ ၁၃၁လမ်းနှင့် ၁၃၂ လမ်းကြားတွင်လည်းကောင်း နေ့စဉ် နံနက် ၆နာရီခွဲမှစ၍ ရောင်းချပေးမည်ဖြစ်ပြီး ဇွန် ၁၄ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီ မှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်-၆)





## ပြည်တွင်းငရုတ်ဈေးကွက် အနည်းငယ်ကျဆင်း

ပြည်တွင်းငရုတ်ဈေးကွက်ဈေးမြင့်တက်နေရာမှ ဆင်ဖြူကျွန်းနှင့် မြစ်ဝငရုတ်များ အနည်းငယ်ပြန်လည်ကျဆင်းသွားသည်။

လက်ရှိအချိန်တွင် သယ်ယူပို့ဆောင်ရေးစရိတ်များအပြင် ပြည်ပတင်ပို့ရန် အခက်အခဲများကြောင့် ငရုတ်ဈေးမှာ စတင်ပေါ်သည့်အချိန်မှစ၍ ဆက်တိုက်ဆိုသလို ဈေးကျဆင်းခဲ့ပြီး မိုးတွင်းကာလမှစပြီး ပြည်ပဝယ်လိုမှုများရှိလာသောကြောင့် ဈေးနှုန်းများပြန်လည်မြင့်တက်လာနိုင်သည်။

"ယခင်နှစ်တွေကတော့ မိုးတွင်းကာလစိုက်ခင်းများ ပျက်စီးမှုရှိနိုင်တာကြောင့် ပစ္စည်းအဝင်နည်းပြီး နှစ်တိုင်းမိုးတွင်းဆိုလျှင် ဈေးတက်လေ့ရှိပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

ဆင်ဖြူကျွန်းနှင့် မြစ်ဝငရုတ်များမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင်ခန့် အနည်းငယ်ကျဆင်းသွားသည်။

ဇွန်လဆန်းပိုင်းက ပန်းရဲငရုတ်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ - ၅၈၀၀၊ မျှားနီငရုတ်တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀-၅၅၀၀၊ ပန်းတနော်ရှည် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀-၅၀၀၀ ရှိပြီး ဆင်ဖြူကျွန်းနှင့် မြစ်ဝငရုတ်များမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀-၁၂၅၀၀ အထိ မြင့်တက်ခဲ့သည်။ လက်ရှိတွင် ယခင်ဈေးများထက် ငွေကျပ် ၁၀၀၀ ကျပ်ခန့်ဈေးကျဆင်းနေခြင်း ဖြစ်သည်။

ငရုတ်ဈေးကွက်မှာ ထိုင်းနိုင်ငံတစ်ခုတည်းသာ အဝယ်အနည်းငယ်ရှိပြီး ထိုင်းနိုင်ငံမှာလည်း ငရုတ်ရာသီကုန်တော့မည်ဖြစ်၍ မကြာမီဈေးကွက်ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

(အပေါ်ပုံ)

ရွှေမန်း



## ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ် ပို့ချ

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ မှကြီးမှူး၍ ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ခြင်းဆိုင်ရာ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းကို ဇွန် ၈ ရက်နှင့် ၉ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ အစိုးရ နည်းပညာကောလိပ် သင်တန်း ခန်းမတွင် သင်ကြားပို့ချရာ မန္တလေး တိုင်းဒေသကြီး ကြက်ခြေနီကြီး ကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်၊ အတွင်းရေးမှူး ဦးကျော်ကျော်နှင့်ကော်မတီဝင် များ၊ မန္တလေးတိုင်းကြက်ခြေနီ တပ်ဖွဲ့မှ နည်းပြဆရာ၊ ဆရာမ များ၊သင်တန်းသားများ တက် ရောက်ကြသည်။

သင်တန်းတွင် မန္တလေးတိုင်း ဒေသကြီးကြက်ခြေနီကြီးကြပ် မှုကော်မတီဥက္ကဋ္ဌက သင်တန်းဖွင့် လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး အတွင်းရေးမှူးတိုင်း ဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး နှင့်နည်းပြများက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံ နှင့်ရည်ရွယ်ချက်များ၊ ကလေး သူငယ်ရှေးဦးပြုစုနည်းများ၊ လူနာ ဆန်းစစ်ခြင်း၊အခြေခံအသက် ကယ်နည်း၊ ဒဏ်ရာနှင့်သွေးယိုစီး ခြင်း၊ဆေးထည့်ခြင်း၊ပတ်တီးစည်း ခြင်းဘာသာရပ်များအား စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သင် ကြားပို့ချပေးခဲ့ပြီး သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ခဲ့သည်။ သင်တန်းတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး မှူလတန်းပြဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

(အပေါ်ပုံ) (ဝ၄၅)

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

**ညောင်ဦး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ၂၀၂၄ ခုနှစ် Grade-12 တက္ကသိုလ်ဝင်စာမေး ပွဲ အောင်စာရင်းများကို ယနေ့ နံနက် ၆ နာရီက ထုတ်ပြန်ခဲ့ရာ ညောင်ဦးမြို့နယ်အနေဖြင့် ဖြေဆို အောင်မြင်မှု ၅၈ ဒသမ ၈၅ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။

ညောင်ဦးမြို့နယ်၌ Grade - 12 တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနသုံးခုတွင် ကျောင်းသား၊ ကျောင်းသူ ၃၈၄ ဦး ဝင်ရောက် ဖြေ ဆိုခဲ့ကြပြီး ၂၂၆ ဦး အောင်မြင် ခဲ့ကြောင်းသိရကာ အောင်ချက် ရာခိုင်နှုန်း ၅၈ ဒသမ ၈၅ ရာခိုင် နှုန်း အောင်မြင်ခဲ့သည်။

ညောင်ဦးမြို့နယ် ၂၀၂၄ ခုနှစ် Grade-12 တက္ကသိုလ်ဝင် စာမေး ပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူး ရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူး ရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူး ရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူး ရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူး ရှင်၁၈ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၉၆ ဦး အောင်မြင်ခဲ့ကြောင်း ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံက သိရသည်။

(အပေါ်ယာပုံ) (၄၈၁)



ရေနုတ်မြောင်းသည် အမှိုက်စွန့်ပစ်ရန် နေရာမဟုတ်ပါ။



## စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး တောင်သူများဖြင့် တွေ့ဆုံဆွေးနွေး

**ဇေယျာသီရိ ဇွန် ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် အတွင်း စပါးတိုက်ရိုက်မျိုးစေ့ချ ကိရိယာ (Drum Seeder) ဖြင့် ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး တောင်သူများဖြင့် တွေ့ဆုံဆွေးနွေး ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက သစ်တပ်ကျေးရွာအုပ်စု၊ ရှားစေးဖို ကျေးရွာ ဘက်စုံသုံးခန်းမ၌ တွေ့ ဆုံဆွေးနွေးခဲ့သည်။ (ဝဲပုံ)

ဆွေးနွေးပွဲတွင် ဇေယျာသီရိ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌဦးဇေထက်အောင် က စပါးတိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးပါက အပင် ပေါက် ညီညာခြင်း၊ လေဝင်လေ ထွက်ကောင်းခြင်း၊ ဆေးဖျန်းရ လွယ်ကူခြင်း၊ ပေါင်းမြက်ကင်းစင် ရလွယ်ကူခြင်း၊ မျိုးကွဲနုတ်ပယ် ရလွယ်ကူခြင်း၊ ပိုးမွှားရောဂါ ကင်းထောက်စစ်ဆေးရလွယ်ကူ ခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိမည်ဖြစ် ပါကြောင်း၊ တောင်သူများအနေ ဖြင့်လည်း စပါးမျိုးစေ့ချကိရိယာ ဖြင့် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် အတွက် အခက်အခဲများရှိပါက တင်ပြဆွေးနွေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြေသိန်းက စိုက်ပျိုးရေးဦးစီး ဌာနအနေဖြင့် စပါးတိုက်ရိုက်မျိုး စေ့ချ ကိရိယာ(Drum Seeder) ဖြင့် စိုက်ပျိုးပါက နည်းပညာပိုင်း ကူညီဆောင်ရွက်ပေးမည့်အရာ များအား ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် တောင်သူ များက စပါးတိုက်ရိုက်မျိုးစေ့ချ ကိရိယာဝယ်ယူသုံးစွဲနိုင်ရေး အခြေအနေများအား တင်ပြဆွေး နွေးခဲ့ရာ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက စက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်၍ စပါးစိုက်တောင်သူ များ စပါးတိုက်ရိုက်မျိုးစေ့ချ ကိရိယာဝယ်ယူသုံးစွဲနိုင်ရေး အတွက် ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် ကမ်းနားလမ်းသန့်ရှင်းသာယာရေးလုပ်ငန်းများဆောင်ရွက်

**မန္တလေး ဇွန် ၁၁**

မန္တလေးမြို့တော်စည်ပင်သာ ယာရေးကော်မတီသည် သင်္ဂဇာ ချောင်း၊ ကန်တော်ကြီးနှင့်တောင် သမန်ကန် ရေအရည်အသွေးကောင်း မွန်ရေး၊ ရေစီးရေလာကောင်းမွန် ရေးနှင့် သန့်ရှင်းသာယာလှပရေး အတွက် လုပ်ငန်းကော်မတီဖွဲ့စည်း ၍ လုပ်ငန်းများကို စီမံချက်ချ မှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီး အလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိ သည်။

ထိုသို့လုပ်ငန်းများဆောင်ရွက် ရာတွင် ယမန်နေ့က သင်္ဂဇာ ချောင်းရေစီးရေလာကောင်းမွန် ရေးအတွက် အောင်မြေသာစံမြို့ နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိ သူများသည် သင်္ဂဇာချောင်း အလယ် ပေါင်တံတားအနောက်ဘက် မြောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်များ ကိုလုပ်သားများက ဆယ်ယူရှင်း လင်းဆောင်ရွက်ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူ များသည် သင်္ဂဇာချောင်းရေစီး ရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်း အနောက်ဘက် ပတ်လမ်း ၂၆လမ်းနှင့်လမ်း ၃၀ ကြား ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်အမှိုက်များကို လုပ်သားများ က ဆယ်ယူရှင်းလင်းဆောင်ရွက် ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူ များသည် သင်္ဂဇာချောင်းရေစီး ရေလာကောင်းမွန်ရေးအတွက် ကန်တော်ကြီးပတ်လမ်း သင်္ဂဇာ ရေထိန်းတံခါး ချောင်းအတွင်းမှ ဒိုက်အမှိုက်နှင့်နွံများကို Longarm စက်အသုံးပြု၍ ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန် တော်ကြီးအတွင်းစီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေ တချောင်းမြောင်း၊ တက်မြော်ချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည် မြောင်းများသည်လည်း စီးဝင် သဖြင့် ရေစီးရေလာကောင်းမွန်စေ ရေး ချောင်းကိုမြောင်းရေနှင့်ဆေးချ သည့်နည်း အသုံးပြုဆောင်ရွက် ထားသည်။

ကန်တော်ကြီးသာယာ လှပရေးအတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ တာဝန်ရှိ သူများသည် ကန်တော်ကြီးတောင် ဘက်ကန်ရှိ ဗေဒါများကို လူ အင်အား ၃၀ ဦး၊ ဘက်ဟိုးစက် တစ်စီးနှင့်မော်ဆယ်စက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူ ရှင်းလင်းရာ တန်(၈၀)ခန့် ပြီးစီး အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါ ဖြတ်စက် အသုံးပြု၍ စက် မောင်းချိန် ၄ နာရီ ဖြတ်တောက် ဆောင်ရွက်ရာ တစ်ဧကခွဲခန့်ဖြတ် တောက်ဆောင်ရွက်နိုင်ခဲ့သည်။

ကမ်းနားလမ်းသာယာလှပရေး အတွက် ဇုန်များ သတ်မှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက အောင်မြေ သာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဇုန်(၁) ၂၂လမ်းနှင့် ၂၆လမ်းကြား လမ်း ဘေးဝဲယာနှင့် လမ်းလယ်ကျွန်း နေရာများတွင် ဖုန်၊သဲ၊အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက် ကောက်ခြင်းနှင့် သိမ်းဆည်းခြင်း လုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)



## တစ်ချက်တည်းကျင်းဝင်

**မန္တလေး ဇွန် ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက ဦးအောင်သန်းကျော်သည် အတူကစားဖော်များဖြစ်သော ဦးအန်း ကျိန်း၊ ဦးနိုင်နိုင်မြင့်တို့နှင့်ကစားစဉ် အကွာအဝေး ၁၃၄ ကိုက် ကွာဝေးသော ကျင်းအမှတ်(၃)တွင် ဂေါက်တံအမျိုးအစား XXIO IRON- 8 ဖြင့် ဂေါက်သီးအမျိုးအစား Taylormade-1 အား ဂေါက်ရိုက်ကစားရာ တစ်ချက်တည်းကျင်းဝင်ခဲ့ကြောင်း သိရသည်။

(ကဆ)



## မြန်မာ-တရုတ် သံတမန်ထူထောင်ခြင်း (၇၄)နှစ်ပြည့်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မန္တလေး ဇွန် ၁၁**

မြန်မာ-တရုတ် သံတမန် ထူထောင်ခြင်း (၇၄)နှစ်ပြည့် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲကို ဇွန် ၈ ရက် နံနက်ပိုင်းက မန္တလေးမြို့ ကမ်းနားလမ်းရှိ ကြင်းတောယန် ဗုဒ္ဓဘာသာ ဘုရားကျောင်း၌ ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲ ခေါင်းစဉ်မှာ "ဆွေမျိုးပေါက်ဖော်"ဖြစ်ပြီး မြန်မာ-တရုတ် သံတမန်ထူထောင်ခြင်း (၇၄)နှစ်ပြည့် အထိမ်းအမှတ်၊ မြန်မာ-တရုတ်ချစ်ကြည်ရေးတိုးပွားခိုင်မြဲစေရန် ဟူသော ရည်မှန်းချက်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်များသာမက တရုတ်နိုင်ငံမှ မြန်မာစာကျောင်းသားများပါ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ မြန်မာ-တရုတ် သံတမန်ထူထောင်ခြင်း (၇၄)နှစ်ပြည့် အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲဆုပေးပွဲကို မန္တလေးမြို့ Oversea Chinese Services Centre နှင့် မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့က ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) ရွှေမန်း**

## မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံးခွဲကျောက် ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်း အစည်းအဝေးကျင်းပ

**မန္တလေး ဇွန် ၁၁**

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံးခွဲကျောက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး) အစည်းအဝေးနှင့် လစ်လပ်နေသော အလုပ်အမှုဆောင်အစားထိုးရွေးချယ်တင်မြှောက်ခြင်း လုပ်ငန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၉ရက် နံနက် ၁၀နာရီက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် လပ်ကီးမွန်ကျောက်ခွဲစက်ဝင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျောက်ခွဲလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံးခွဲကျောက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော ကျောက်ခွဲလုပ်ငန်းရှင်များက လစ်လပ်လျက်ရှိသော အလုပ်အမှုဆောင်များအား အစားထိုးရွေးချယ်ပြီး လုပ်ငန်းတာဝန်များ ခွဲဝေပေးအပ်ခဲ့ပြီး အသင်းဥက္ကဋ္ဌမှ ရှေ့လုပ်ငန်းစဉ်များရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(ဝ၄၅)**






## နှမ်းသီးနှံသုတေသန စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကျင်းပ

**နတ်မောက် ဇွန် ၁၁**

တရုတ်နိုင်ငံ မဲခေါင်-လန်ချန်းအထူးရန်ပုံငွေ (၂၀၂၂)အစီအစဉ်ဖြင့်ဆောင်ရွက်ထားသော နှမ်းသီးနှံ သုတေသနစမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲအခမ်းအနားကို ယမန်နေ့က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဇော်နှင့် နတ်မောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်တို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) မျိုးစေ့ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယုမွန်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စမ်းသပ်တွေ့ရှိချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့်တောင်သူများအား မျိုးသန့် မျိုးပွား မျိုးစေ့အဆင့် မကွေးနှမ်းနက် ၂/ ၁၄ မျိုးစေ့များ လက်ဆောင်ပေးအပ်သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာတို့တွင် စမ်းသပ်စိုက်ပျိုးထားသည့် နှမ်းသီးနှံသုတေသန စမ်းသပ်ကွက်များကို လှည့်လည်ကြည့်ရှုကြကာ စိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်၍ အကဲဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## စိုက်ပျိုးရေးနည်းပညာပေးရေ့တန်းစခန်းတွင် နွေနမ်း (၈၁၉၂)ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ (၈၃၄၂) ဧက စိုက်ပျိုးပြီးစီး

**ကျောက်ဆည် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်း ဆီထွက်သီးနှံ ဖူလုံပိုလျှံရေး နှမ်းသီးနှံများကို နွေ၊ မိုး၊ ဆောင်းရာသီအလိုက် စီမံကိန်းများချမှတ်ပြီး လျာထားစိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် သင်းဒီးစိုက်ပျိုးရေး နည်းပညာပေးရှေ့တန်းစခန်းတွင် နွေနှမ်း ၈၁၉၂ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ၈၃၄၂ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းတွင် ကျေးရွာအုပ်စုပေါင်း (၁၃)အုပ်စုပါဝင်ပြီး ဟံမြင့်မိုရ်ကျေးရွာအုပ်စုတွင် ၆၃၃ ဧက၊ လယ်ကြီးကျေးရွာအုပ်စုတွင် ၁၀၅၀ဧက၊ ပုန်းညက်ကျေးရွာအုပ်စုတွင် ၇၇၂ ဧက၊ ကျားကာကျေးရွာအုပ်စုတွင် ၉၇၈ ဧက၊ သံရွာကျေးရွာအုပ်စုတွင် ၆၅၀ ဧက၊ ခါးတက်ကုန်းကျေးရွာအုပ်စုတွင် ၂၀၀ ဧက၊ ဆူလေကုန်းကျေးရွာအုပ်စုတွင် ၉၄၀ ဧက၊ ပေါက်ပင်ကွေ့ကျေးရွာအုပ်စုတွင် ၈၉၀ ဧက၊ မြေစိုမိုးကျေးရွာအုပ်စုတွင် ၉၁၃ ဧက၊ ပဲခင်းကျေးရွာအုပ်စုတွင် ၈၆၀ ဧက၊ ပေါင်လောင်ကျေးရွာအုပ်စုတွင် ၄၅၆ ဧက စုစုပေါင်း ၈၃၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် တောင်တော်ကျေးရွာအုပ်စုနှင့် ကင်းကျေးရွာအုပ်စုများတွင် စိုက်ပျိုးနိုင်ခြင်းမရှိကြောင်း သိရသည်။

သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်း၌ နွေနှမ်းသီးနှံများ စိုက်ပျိုးရာတွင် နွားတက်၊ သင်းဒီးဆည်မြောင်းရေများဖြင့် စိုက်ပျိုးကြပြီး နှမ်းစိုက်ခင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး ကျောက်ဆည်ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ဆက်စပ်ဌာနများမှ တောင်သူများနှင့် ပူးပေါင်းပြီး ဒေသနှင့်ကိုက်ညီ ပြီးအထွက်နှုန်းကောင်းမွန်သော မျိုးစေ့များ စိုက်ပျိုးစေပြီး စိုက်နည်းစနစ်များနှင့် အပင်ပြုစုရေးနည်းလမ်းများနှင့် လိုအပ်ချိန်တွင် သွင်းအားစုများထည့်သွင်းရေးနှင့် ရေသွင်းခြင်းများကို စနစ်တကျ ကူညီပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၈၅)**





## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးဆောင်ရွက်

**မြစ်သား ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဖုံး၊ သွန်၊ လဲ စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက မြို့မအရှေ့ရပ်ကွက်ရှိ ကျီးတော်ကုန်းမူလွန်ကျောင်းအတွင်း ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ပြုလုပ်ဆောင်ရွက်ပေးရာတွင် အခြေခံပညာကျောင်းများ၌ ပိုးလောက်လန်းပေါက်ပွားနိုင်သည့် နေရာအနှံ့များကို စစ်ဆေး၍ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းများအဖြစ် ဖုံး၊ သွန်၊ လဲ၊ စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးသွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် အသိပညာပေးပြောကြားခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ကျန်းမာရေးဆရာမများက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝင်းမင်းထွန်း(မြစ်သား)**

**ရေနုတ်မြောင်းအတွင်း အမှိုက်မပစ်ခြင်းဖြင့် ကူညီပါ။**

## ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးဆိုင်းဘုတ် စိုက်ထူ



**မန္တလေး ဇွန် ၁၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးဆိုင်းဘုတ် စိုက်ထူပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် မဟာဝိဇယကျောင်းတိုက်အတွင်း အများပြည်သူများနှင့် တွေ့ဆုံပြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦးက သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကောင်းမြတ်ကျော်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသော အများပြည်သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို အကျယ်တဝင့် ပြန်လည်ဖြေရှင်းပေးခဲ့သည်။

ထို့နောက် မဟာအောင်မြေမြို့နယ် ကံလှဈေး၌ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦးနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် လူတိုင်းပါဝင်ဖို့ အသိပညာပေးနံရံကပ်စာစောင်များ၊ ပိုစတာများနှင့် လက်ကမ်းစာစောင်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အများပြည်သူများအား (အခမဲ့) ဖြန့်ဝေခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ် ဦးစီးအရာရှိ ဦးကောင်းမြတ်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အများပြည်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအားလုံးဝိုင်းဝန်း၍ သန်းခေါင်စာရင်းကောက်ကြစို့ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၅၆)

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုင်းပျဉ်း ဇွန် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက် နံနက်ပိုင်းက မိုင်းပျဉ်း-မက်မန်းလမ်း၊ ဝမ်ဖြစ်ကျေးရွာအုပ်စု၊ နောင်ခိုက်ကျေးရွာအနီးတွင် ဆောင်ရွက်ခဲ့သည်။



ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းထွန်းစိန်တို့က ပျိုးပင်များကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များထံသို့ ပေးအပ်ကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ စိန်ပန်းပျိုးပင် ၅၀၊ ကျွန်းပျိုးပင် ၁၀၀၊ မယ်ဇလီပျိုးပင် ၁၀၀နှင့် မန်ကျည်းရှားပျိုးပင် ၁၀၀၊ စုစုပေါင်း ပျိုးပင် ၃၅၀ကို မိုင်းပျဉ်း-မက်မန်းလမ်း၊ နောင်ခိုက်ရွာအနီး လမ်းမကြီးဘေးတစ်လျှောက်တွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

မိုင်းပျဉ်းမြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကိုသဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်နှင့် သစ်တောများပြန်လည်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ စိုက်ပျိုးဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့တို့ တက်ရောက်ကြကာ တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## (၃၉)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး ဇွန် ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာမှ ဆက်သွယ်ရေး (၁) ဦးအောင်မျိုးမြတ်(မျက်ကြည်လွှာအလှူရှင်)သည် ဇွန် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ ဖိဝိတဒါနအဖြစ် (၃၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝ၄၁)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## စာပေကျေးဇူး

- - - - - - - - - - -

* အသိစာပေ ကွန်ယက်ဖြန့်လို့
နှံ့စပ်အောင်လေ့လာလေ
အလိမ္မာ စာမှာတွေ့
မမေ့သင့်ပေ။

* လောကအကျိုး သယ်ပိုးလေ
မေတ္တာပိုခိုင်ခိုင်ခံ့
အက္ခရာသီကုံးအလှနဲ့
လမ်းပြစေအံ့။

* မြန်မာစာပေ တကယ်မညံ့
စာဖတ်ကာ ဘဝလမ်းကို
ဆင်ခြင်တုံအသိဖက်လေ
လှမ်း၍ချီတက်။

* စာဖတ်ကြ ထာဝစဉ်
ထူးချွန်ကာအောင်မြင်ရေး
ပန်းအသွင် ပွင့်ဝေဖူး
စာပေကျေးဇူး။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ပြန်လည်ထုတ်ချေး

**မိတ္ထီလာ ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆပ်ပြာကျင်း ကျေးရွာအုပ်စု သဖန်းပင်ရိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမကြိမ်မြောက် ထုတ်ချေးခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်စီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၄၁၂ ဒသမ ၅ သိန်းအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သဖန်းပင်ရိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးအတွက် ငွေကျပ် ၄၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၇ ဦးအတွက် ငွေကျပ် ၃၇၁ ဒသမ ၅ သိန်း စုစုပေါင်း ၁၃၁ ဦးအတွက် ငွေကျပ် ၄၁၂ ဒသမ ၅ သိန်းအား အသီးသီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



## သတင်းပဒေသာ

### စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးသစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းအပူချိန် လျော့ကျလာစေရန်၊ သစ်တော၊ သစ်ပင်ပြုန်းတီးမှု မဖြစ်ပေါ်စေရန်ရည်ရွယ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၈ နာရီက လက်တက်ကျေးရွာအနီးရှိ တောင်တွင်းကြီး-အောင်လံ-ပြည်လမ်းမကြီး လမ်းဘေးဝဲ၊ယာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် ကျန်းမာရေးဌာနမှ ရပ်ကွက်လုံးကျွတ် သွေးလွန်တုပ်ကွေးကာကွယ်ရေးစီမံချက်ဖြင့် ဘုရင့်နောင်ရပ်ကွက်တွင် ရပ်ကွက်လုံးကျွတ် အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါရပ်ကွက်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၌ ၂၀၂၄ ခုနှစ် ဇွန် ၅ ရက်၌ ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ဒုတိယအကြိမ်အဖြစ် မြို့နယ်သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ မြောင်းဦးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဝန်းအတွင်း သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် ယမန်နေ့ နံနက် ၉နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ခွေးရူးရောဂါကာကွယ်ရေး အသိပညာပေး ဟောပြော

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခွေးရူးရောဂါကာကွယ်ရေးအသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ စာပေချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ စာပေကို မြတ်နိုးတန်ဖိုးထားသူများ တိုးပွားလာစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက စာဖတ်ဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ပင်လုံမြို့၊အမှတ်(၁) ရပ်ကွက်၌ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများအား ချပြရှင်းလင်းပွဲကို ဇွန် ၁၀ရက် မွန်းလွဲပိုင်းက ကျင်းပသည်။ ဟောပြောပွဲတွင် လွိုင်လင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးထွန်းမြတ်နိုင်၊ လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလွင်ဦးနှင့် ပင်လုံမြို့အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးတို့က စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများအား အသီးသီးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မဟာမုနိဘုရားကြီးအား ချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများနှင့် WaterCooler လာရောက်လှူဒါန်း



**မန္တလေး ဇွန် ၁၁**

မန္တလေး၊ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရေးနှင့် ချိတ်ဆွဲရန်ရတနာပစ္စည်းများ၊ ရွှေထည်များ လာရောက်လှူဒါန်းလျက်ရှိသည်။ ဇွန် ၁၀ရက် နံနက် ၉ နာရီက မုံရွာမြို့နေ ဦးမျိုး+ဒေါ်ငွေးကြည်မိသားစုက အလေးချိန် (၂)ပဲ(၇·၁)ရွေးရှိ ကျောက်ပါရွှေကြယ်သီးတစ်လုံး၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ ဦးကျော်ခိုင်ဝင်း+ ဒေါ်အေးအေးမွန် မိသားစုက အလေးချိန် (၂)ပဲ၊ နှစ်ရွေးရှိ ရွှေနားကပ်တစ်ရံတို့ကို လည်းကောင်း၊ မန္တလေးမြို့နေ ကိုထင်အောင်+မအိအိသိမ့် မိသားစုက ဘုရားဖူးများ အသုံးပြုရန် Water Cooler တစ်လုံးတို့ကို မဟာမုနိဘုရား မိုးကောင်းမွှာရုံတွင် လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730-206100 449101 နှင့် UAB ဘဏ်ငွေစာရင်းအမှတ် 017130 100012259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01701210000 0750 နှင့် ဖုန်း-၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(ကဆ)

## ဦးပွားဘုရားသို့ မွေးနေ့မင်္ဂလာအထိမ်းအမှတ် အလှူငွေများ လှူဒါန်း



**မန္တလေး ဇွန် ၁၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ရှေးဟောင်းဦးပွား ဆုတောင်းပြည့်စေတီတော်သို့ အလှူငွေများ လှူဒါန်းခြင်း၊ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ၄င်းဘုရားဝင်းအတွင်းရှိ သာသနဝိပုလသိမ်တော်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဖတ်ပူဇော်ဘုရားကန်တော့ဖွင့်လှစ်၍ တိုင်းသံဃနာယက ဩဝါဒစရိယ၊ မဟာမုနိဘုရားကြီး ဒုတိယရေတော်ဆရာတော် ဦးပွားဘုရားသမ္မုတိ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဒေါနခြံအုဋ်ကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏိသာရမှ ငါးပါးသီလခိုးမြင့်ပေးတော်မူပြီးနောက် မွေးနေ့ရှင် သီရိသုဓမ္မသိင်္ဂီ ဒေါ်ထွေးထွေးနှင့် (သား) ဦးခင်မောင်ထွေး မိသားစုတို့က ဦးပွားဘုရားအတွင်း တည်ဆောက်ထားသော အနန္တဇိနဘုရားနှင့် ဂန္ဓကုဋီတိုက်ဆောက်လုပ်ခြင်းအတွက် မ,တည်ငွေကျပ် ၁၁၁ သိန်းအားပေးအပ်လှူဒါန်းရာ ဦးပွားဘုရားဂေါပကဥက္ကဋ္ဌ ဦးမြင့်ဦးမှ လက်ခံရယူသည်။ ဆက်လက်ပြီး ပင့်သံဃာ ၂၇ ပါးအတွက် တစ်ပါးလျှင် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၇ သိန်းနှင့် သင်္ကန်းဒွိစုံ ၂၇ စုံ၊ ကျောင်းနေသံဃာအပါး ၂၀၀ အား တစ်ပါးလျှင် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်း ၂၀နှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်မှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှအတမ်းပေးဝေပြီး ကြွရောက်လာသော သံဃာတော်အပါး ၂၀၀ ကျော်အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ကဆ)

## ဝတ်ရည်စုပ်ငှက်

မြန်မာနိုင်ငံအနှံ့ တွေ့ရသော အသေးဆုံးဝတ်ရည်စုပ်ငှက် ကသာမြို့နယ်တွင် ခုနစ်မျိုးခန့် တွေ့ရသော်လည်း ဝတ်ရည်စုပ်ငှက် ၁၅မျိုးရှိသည်ဟု သုတေသနစာတမ်းများမှာ ရေးသားဖော်ပြထားသည်။

တချို့ အကောင်ဆိုလျှင် လက်မသာသာလောက်ပင်ရှိ၍ လျင်မြန်စွာ ရွေ့လျားနေသည့်အတွက် ဓာတ်ပုံတစ်ပုံရဖို့ အလွန်စိတ်ရှည်စောင့်ဆိုင်း လိုက်ရိုက်နိုင်မှ ပုံတစ်ပုံရရှိနိုင်သော်လည်း ကင်မရာမှာ ကြည်လင်ပြတ်သားစေနိုင်ရန် ဖိုကပ်ဖြတ်ရိုက်ရသော ကင်မရာအတွက်ရရှိရန် အပါချာစပြီး မြန်နှုန်းရွေ့နိုင်ဖို့ အလွန်ခက်ပြီး 70 × 300 Zoo နဲ့ ရိုက်ရသည်။ ငှက်ဓာတ်ပုံရိုက်ရန် ခက်ခဲကြောင်း တွေ့ရသည်။

ယခုတွေ့မြင်ရသော ဝတ်ရည်စုပ်တစ်မျိုးမှာ အပြာရင့်ရောင်ရှိသော ဝတ်ရည်စုတ်ငှက်တစ်မျိုးဖြစ်ပြီး နေရောင်နောက်ခံကြည့်ပါက အဖြူပျောက်များ ပါရှိနေတာမြင်ရပေမည်။



အဖို၊ အမ အမွေးအဆင်မတူ အဖိုက ခေါင်း၊ ကျောအတောင်တောက်ပသောအပြာရောင် မျက်နှာမည်း၊ မေးစေ့ဝါရင့်၊ ပင်နီရင်ပတ်ဖြစ်ကြပြီး အမတို့က အဝါစိမ်းရင့်ရောင်ဖြစ်သည်။

အမတို့က အရောင်မပြောင်းလဲသော်လည်း အဖိုတို့က မိတ်လိုက်သားပေါက်ရာသီ ပြင်ပတွင် ရင်ပတ်မနီတော့ပဲ ရင်ပတ်အဝါဖြစ်နေပြီး အလွန်မမြင့်သော အပင်လတ်များဖြစ်သည့် လျှော်ပင်၊ ဩဇာပင်၊သရက်ပင်၊ဒန့်သလွန်ပင်ကဲ့သို့ အပွင့်အများဆုံးနေရာတွင် နေထိုင်၍ ဝတ်ရည်သာမက သေးငယ်သောအသီးများကို စားသုံးကြခြင်း ပိုးမွှားကောင်းများလည်း စားသုံးလေ့ရှိသည်။

ကျီးပေါင်းပင်နှင့် အသီးငယ်များသီးသော သစ်ပင်လတ်များပေါ် နေထိုင်ကျက်စားလျက် အပင်ပေါ်မှာ မကြာခဏ အသံကျယ်လောင်စွာဖြင့် အသံပေးလျက်ရှိကြောင်း သိရသည်။

(ဓါတ်ပုံ) ငွေအိုး(ကသာ)

# မြောက်ကိုရီးယားစစ်သည်အချို့ နယ်စပ်ဖြတ်ကျော်လာ၊ တောင်ကိုရီးယားက သတိပေးပစ်ခတ်မှု ပြုလုပ်ခဲ့ရ




**ဆိုးလ် ဇွန် ၁၁**

ဇွန် ၉ ရက်က မြောက်ကိုရီးယားစစ်သည်အချို့ နယ်စပ်ဖြတ်ကျော်ပြီး ဝင်လာကြရာ တောင်ကိုရီးယားဘက်က သတိပေးပစ်ခတ်မှု ပြုလုပ်ခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အင်အား ၂၀ ခန့်ရှိမည်ဟု ခန့်မှန်းရသော ထိုမြောက်ကိုရီးယားစစ်သည်များသည် ပုဆိန်နှင့် အခြားလက်နက်ကိရိယာများ ကိုင်ဆောင်ပြီး စစ်ကင်းမဲ့နယ်နိမိတ်ကို ကျော်လွန်လာခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနယ်စပ်လုံခြုံရေးအဖွဲ့ ပြောခွင့်ရသူက ရှင်းပြသည်။

မြောက်ကိုရီးယားဘက်မှ အမှိုက်အိတ်များချည်ထားသည့် မိုးပျံဘောလုံးများ ပို့လွှတ်ခြင်း၊ တောင်ကိုရီးယားဘက်မှ ဝါဒဖြန့်အသံချဲ့စက်များ နယ်စပ်စည်းရိုး၌ ပြန်လည်တပ်ဆင်ပြီး အသံထုတ်လွှင့်ခြင်းများ ပြုလုပ်ကာ နှစ်နိုင်ငံအကြား တင်းမာနေချိန်တွင် ထိုသတိပေးပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

လွန်ခဲ့သောလအနည်းငယ်က မြောက်ကိုရီးယားစစ်သည်များ နယ်စပ်တစ်လျှောက်တွင် မြေမြှုပ်မိုင်းများထောင်ခြင်း တောင်နှင့်မြောက် မီးရထားလမ်းကို ဖြတ်တောက်ခြင်းများလုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **Mon**




# လေယာဉ်ပေါ်၌ သေဆုံးသူနှင့် ဒဏ်ရာရသူများအား စင်ကာပူလေကြောင်းလိုင်းက နစ်နာကြေးပေးမည်

**စင်ကာပူ ဇွန် ၁၁**

လွန်ခဲ့သောမေလက စင်ကာပူလေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ် တစ်စင်း အမြင့်ပေ ၃၀၀၀၀ ခန့်ကို ဖြတ်သန်းစဉ် တိမ်တိုက်ထဲသို့ ရောက်သွားပြီး ကွဲပြားသော လေဖိအားကြောင့် အထက်အောက်ပြုတ်ကျခြင်း၊ ခုန်တက်ခြင်းများ ဖြစ်ပွားပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရကာ တစ်ဦးသေဆုံးခဲ့ရသည်။

ထိုမတော်တဆမှုတွင် သေဆုံးသူနှင့် ဒဏ်ရာရသူများအား မိမိတို့အနေဖြင့် နစ်နာကြေးများ ပေးရန် စီစဉ်လျက်ရှိကြောင်း စင်ကာပူလေကြောင်းလိုင်းက သတင်းထုတ်ပြန်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သာမန်ဒဏ်ရာရသူ တစ်ဦးလျှင် ဒေါ်လာ ၁၀၀၀၀ စီ နစ်နာကြေးပေးမည်ဆိုသော်လည်း နစ်နာကြေးရမည့်သူစာရင်း ထုတ်ပြန်မထားသေးကြောင်း သိရသည်။

**Mon**

ဇွန် ၉ ရက်က ဒေလီမြို့တော်ရှိ သမ္မတအိမ်တော်၌ ကျမ်းသစ္စာ ကျိန်ဆိုနေကြသော အိန္ဒိယအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို တွေ့ရစဉ်။

**Mon**



## INTERNATIONAL NEWS

## နိုင်ငံတကာသတင်းများ

# ဗြိတိန်နိုင်ငံရှိ ဒင်းသစ်တောအတွင်း၌ ဆေးလိပ်တိုမီးကြောင့် သစ်ပင်ထောင်ချီ သေဆုံး

**လန်ဒန် ဇွန် ၁၁**

ဗြိတိန်နိုင်ငံ ဂလော့စတာရှဲ စီရင်စု၊ ဒင်းသစ်တောအတွင်းရှိ ဟဲရိုးဟေးလ်ရွာတွင် ဆေးလိပ်တိုတစ်ခု၏ မီးစမှ စတင်ကာ မီးလောင်ကျွမ်းခဲ့သည်ဟု ယူဆရသော တောမီးကြောင့် သစ်ပင်ငယ်ပေါင်း ထောင်နှင့်ချီ၍ သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းဧရိယာအတွင်း တောတွင်းတိရစ္ဆာန်များ မဝင်နိုင်ရန် ကာရံထား၍ သမင်နှင့် တောဝက်များ မီးဘေးသင့်ခြင်းမရှိခဲ့သော်လည်း အခြားသော အင်းဆက်ပိုးများ၊ တွားသွားသတ္တဝါများ၊ နို့တိုက်သတ္တဝါငယ်များနှင့် ငှက်သိုက်များအတွက် စိုးရိမ်မှုရှိသည်ဟု သစ်တောရေးရာတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အဆိုပါ မီးစတင်လောင်ကျွမ်းခဲ့သောနေရာရှိ သစ်ပင်များကို လွန်ခဲ့သော ရှစ်နှစ်ခန့်ကမှ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

**Mon**





# ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟာဂီအန်းပြည်နယ်၌ မိုးသည်းထန်ရေကြီးမှုဖြစ်ပွား၊ လူသုံးဦး သေဆုံး

**ဟနွိုင်း ဇွန် ၁၁**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟာဂီအန်းပြည်နယ်၌ ဇွန် ၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းရာမှ တစ်ဆက်တည်းတွင် ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုရေကြီးမှုကြောင့် လူနေအိမ်ခြေပေါင်း ထောင်နှင့်ချီ၍ နစ်မြုပ်ကာ လူသုံးဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ဇွန် ၁၀ ရက်တွင် ရေကြီးမှုနှင့် မြေပြိုမှုအခြေအနေ အဆိုးဆုံးအဆင့်သို့ရောက်ရှိခဲ့ရာ ဒေသခံအချို့ အိမ်ခေါင်မိုးပေါ်တက်ပြီး ကယ်ဆယ်ရေးသမားများကို စောင့်ဆိုင်းနေခဲ့ရသည်။

အဆိုပါပြည်နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် လိုမြစ်ရေလျှံတက်ကာ တောင်ပေါ်ကားလမ်းပိုင်းအချို့ ရေတိုက်စားခံရပြီး ပျက်စီးခဲ့ကြောင်း သိရသည်။

**Mon**

STOP AIDS

# မာလာဝီ ဒုတိယသမ္မတ ဆောလော့စ်ချီလီမာ လေယာဉ်ပျက်ကျမှုတွင် ကွယ်လွန်

**လီလောင်းဝီ ဇွန် ၁၁**

မာလာဝီဒုတိယသမ္မတ ဆောလော့စ်ချီလီမာ ဇွန် ၁၀ ရက်က ဖြစ်ပွားသော လေယာဉ်ပျက်ကျမှုတွင် ကွယ်လွန်သွားပြီဟု သမ္မတ ချတ်ဝီရာ ကိုယ်တိုင် အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုဒုတိယသမ္မတ ဆောလော့စ်ချီလီမာနှင့် အခြားသူ ၉ ဦး စီးနင်းလိုက်ပါသွားသော စစ်လေယာဉ်သည် နံနက်ပိုင်းက ရာသီဥတုမကောင်းသည့်ကြားတွင် ထွက်ခွာသွားခဲ့သည်။

ထိုလေယာဉ် တော၊ တောင်များပေါ်မှ ဖြတ်ကျော်ပျံသန်းနေစဉ် ထိန်းချုပ်ရေးစခန်းရေဒါထဲတွင် မပေါ်တော့ဘဲ ပျောက်ဆုံးသွားသဖြင့် ကယ်ဆယ်ရေးအဖွဲ့က တစ်ညလုံး တောနင်းပြီး ရှာဖွေခဲ့ကြရာ နောက်တစ်နေ့ နံနက်ရောက်မှ လေယာဉ်အပျက်အစီးများနှင့် အလောင်းများကို တွေ့ရှိခဲ့ကြသည်။

ဒုတိယသမ္မတ ဆောလော့စ်ချီလီမာ အပါအဝင် ထိုလေယာဉ်ပေါ် လိုက်ပါသွားသူအားလုံး သေဆုံးခဲ့ရသဖြင့် အလွန်စိတ်မကောင်းဖြစ်ရကြောင်း သမ္မတ ချတ်ဝီရာက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

**Mon**



# ဘန်ကောက်ရှိ ချာတူချက်လေဟာပြင်ဈေး မီးလောင်၊ တိရစ္ဆာန်အကောင်ရေပေါင်း ၁၀၀၀ ခန့် သေဆုံးခဲ့ရ

**ဘန်ကောက် ဇွန် ၁၁**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်ရှိ နာမည်ကျော် ချာတူချက် လေဟာပြင်ဈေး၌ ဇွန် ၁၁ ရက် နံနက်ပိုင်းက ဝါယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာ အိမ်မွေးတိရစ္ဆာန်အကောင်ရေပေါင်း ၁၀၀၀ ခန့် သေဆုံးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ မီးလောင်မှုတွင် ငှက်၊ ကြောင်၊ ကြွက်နှင့် စပါးကြီးမြွေ အပါအဝင် ရောင်းရန် လှောင်အိမ်အသီးသီးတွင် ပြသထားသော အိမ်မွေးတိရစ္ဆာန်များသာ သေဆုံးခဲ့ပြီး လူအသေအပျောက်မရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။


ဈေးတန်းများအကြားရှိ လူသွားလမ်းများ ကျဉ်းမြောင်းကာ ဈေးဆိုင်များနှင့် ဈေးဝယ်ပရိသတ်များပြားလွန်းသော ထိုဈေးသည် အရှေ့တောင်အာရှတွင် အကြီးဆုံးဈေးများစာရင်းတွင် ပါဝင်သည်။

တစ်ပတ်လျှင် စနေနှင့် တနင်္ဂနွေ နှစ်ရက်တည်းသာဖွင့်သော ဈေးဖြစ်ပြီး အပတ်စဉ် လူပေါင်း ၂၀၀၀၀၀ ဦး ထိုဈေးသို့ လာရောက်ဈေးဝယ်လေ့ရှိကြသည်။

ထိုဈေးထဲရှိ အိမ်မွေးတိရစ္ဆာန်များရောင်းသော ဈေးတန်းကိုမှ နေ့တိုင်းဖွင့်ပေးထားရာ အင်္ဂါနေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**







## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများအား စိတ်ဓာတ်မြင့်မားရေးဟောပြော

**မန္တလေး ဇွန် ၁၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားပညာအထူးပြုဘာသာရပ် B.Sc(Sport) ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းသား၊ သင်တန်းသူများ စိတ်ဓာတ်မြင့်မားလာစေရေးအသိပညာပေး ဟောပြောပွဲကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ဘက်စုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ နည်းပြများနှင့်အားကစားပညာအထူးပြုဘာသာရပ် B.Sc (Sport)ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းသားများ တက်ရောက်ကြသည်။အခမ်းအနားတွင် ကျောင်းအုပ်ကြီးက ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များ ပြောကြားပြီး Sport and Physical Education Departmentမှ ဆရာ၊ ဆရာမများက စိတ်ဓာတ်မြင့်မားရေးဆိုင်ရာများဟောပြောခဲ့သည်။ ဟောပြောပွဲအပြီးတွင် ကျောင်းအုပ်ကြီးက Mind Lecture ပို့ချပေးသော နည်းပြဆရာ၊ ဆရာမများအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

(အပေါ်ပုံ)(ဝ၄၅)



## ခရမ်းချဉ်သီးဈေးကွက် အမြင့်ပိုင်းရှိရာမှ ဈေးပြန်လည်ကျဆင်းနိုင်သည်ဟု ခန့်မှန်း

**မန္တလေး ဇွန် ၁၁**

စားဖိုဆောင်သီးနှံဖြစ်သည့် ခရမ်းချဉ်သီးဈေးကွက်တွင် လက်ရှိအချိန်၌ မန္တလေးမြို့ လက်လီဈေးကွက်တွင် တစ်ပိဿာ ငွေကျပ် ၄၅၀၀ ဝန်းကျင်ရှိနေသော်လည်းလာမည့် ဇွန်လတွင် လက်ရှိဈေးထက်ကျဆင်းနိုင်သည်ဟု အောင်ပန်းမြို့ရှိ သီးနှံပွဲရုံတစ်ခုမှ ပွဲစားတစ်ဦးက ပြောသည်။

ခရမ်းချဉ်သီးအဓိကထွက်ရှိသော ရှမ်းပြည်နယ် အင်းလေးဒေသဘက်တွင် စိုက်ပျိုးစရိတ်မြင့်တက်ခြင်း၊ မိုးရာသီတွင် ခရမ်းချဉ်သီးစိုက်ကွင်းများ ရေလွှမ်းခြင်းတို့ကြောင့် ဈေးမြင့်လာရာ ၎င်းဒေသမှ ဖြန့်ချိသည့် ဒေသအသီးသီးတွင်လည်း ဈေးမြင့်လာသည် ဟုဆိုသည်။

"ဒီနှစ်ဈေး စံချိန်တင်ရမလိုဖြစ်ပါတယ်။ အပင်တွေရဲ့ သုံးပုံတစ်ပုံလောက်က ရေနစ်ပျက်စီးတာတွေရှိတယ်။ ညောင်ရွှေအင်းလေးဘက်မှာကိုပဲ တစ်ပိဿာ ၃၀၀၀ ဝန်းကျင်ဆိုတော့ အခြား ဒေသတွေကို ပို့တဲ့အခါ ကားခ အလုပ်သမားခပေါင်းရင် ၄၀၀၀ ဝန်းကျင်ပေါက်ဈေးရှိမယ်။ လတ်တလောအမြင့်ဈေးကနေ ပြန်ကျနိုင်တယ်"ဟု ၎င်းက ပြောသည်။

ယခင်နှစ်က ခရမ်းချဉ်သီးဈေးကောင်းမရသဖြင့် စိုက်ပျိုးသူများ အရင်းရှုံးခဲ့သဖြင့် စိုက်ပျိုးသူနည်းပါးသွားကာ အထွက်နှုန်းလည်း ကျဆင်းခဲ့ကြောင်း၊ အသုံးပြုရသည့် မြေသြဇာမှာလည်း ဈေးမြင့်လာခြင်းကြောင့် ထွက်ရှိလာသော ခရမ်းချဉ်သီးများမှာ မေ လအတွင်း အမြင့်ဈေးရှိနိုင်ပြီး ဇွန်လတွင် ဈေးကျဆင်းနိုင်ကြောင်း ကုန်သည်ပွဲစားအချို့က သုံးသပ်ကြသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

## ညောင်ဦးမြို့နယ် သက်စိုးတောင်ပေါ်က ထူးဆန်းသောရှေးဟောင်းကျောက်ရေကန်

**ညောင်ဦး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလေ့လာရေး လာရောက်လည်ပတ်ရင်း ခရီးစဉ်ဒေသများတဆက်တစပ်တည်းသွားရောက်လည်ပတ်နိုင်ရန် ညောင်ဦးမြို့နယ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)က ခရီးစဉ်ခုနစ်ခုရေးဆွဲပြီး ခရီးသွားပြည်သူများ စိတ်ဝင်စားစွာသွားရောက် လည်ပတ်နိုင်ရန် ဖော်ဆောင်ထားရှိသည်။

အဆိုပါ ခရီးစဉ်များတွင် ရပ်ရွာအခြေပြုခရီးစဉ်များနှင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ သဘာဝအလှအပများ မပျက်မစီးခံစားကြည့်ရှုလေ့လာနိုင်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ မြတ်နိုးတန်ဖိုးထားထိန်းသိမ်းတတ်စေရန် ရည်ရွယ်ပြီး ခရီးစဉ်ဒေသများ ဖော်ဆောင်ကာ ပြည်တွင်း ပြည်ပခရီးသွားများ မြန်မာ့တောတောင်ရေမြေသဘာဝအလှအပများနှင့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တန်ဖိုးထားထိန်းသိမ်းကြစေရန် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)က ခရီးစဉ်ခုနစ်ခုအကောင်အထည်ဖော်ဆောင်ထားသည်။

အဆိုပါ ခရီးစဉ်ခုနစ်ခုထဲမှ သက်စိုးတောင်ပေါ်ရှိ ထူးဆန်းသော ကျောက်ရေကန်လည်းပါဝင်သည်။ ထိုကျောက်ရေကန်သည် ညောင်ဦးမြို့မှ တုရင်တောင်သို့ ၁ မိုင် ၇ ဖာလုံကွာဝေးပြီး တုရင်တောင်ပေါ် ဘုန်းတော်ကြီးကျောင်းရှေ့မှစတင်ပြီး သက်စိုးတောင်ပေါ်သို့ သုံးဆယ်မိနစ်ခန့်သွားရပြီး တောင်တက်၍ ကျောက်ရေကန်လေ့လာရမည့် ခရီးစဉ်တစ်ခုဖြစ်သည်။

ကျောက်ရေကန်သည် ကျောက်စိုင်နံရံ၊ ကျောက်စိုင်ကြမ်းပြင်တို့ဖြင့် တွေ့ရှိရမည်ဖြစ်ကာ အလျား ပေ ၈၀၊ အနံ ပေ ၈၀၊ အနက် ပေ ၃၀ ခန့်ရှိပြီး၊ ကျောက်တောင်ထိပ်တွင် ကျောက်တောင်ကို ထွင်းထုထားသည်ကို မည်သည့်ခေတ်အခါက ပြုလုပ်ထားသည်ကို ပညာရှင်များ ယနေ့တိုင်အဖြေရှာနေဆဲဖြစ်ပြီး အဆိုပါကျောက်ရေကန်အတွင်းကို ဆင်းနိုင်ရန် ကျောက်သားနံရံကို ထွင်းပြီး လှေကားထစ်များအတိုင်း ဆင်းသွားရမည် ဖြစ်သည်။ ကျောက်ရေကန်အတွင်း လေ့လာစရာတွေအများအပြားရှိနေပြီး ရေကန်တည်နေပုံ တည်ဆောက်ထားပုံမှာ အရှေ့အနောက်တောင်မြောက်တန်းတန်းမကျဘဲ တည်ရှိနေသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပေသည်။ ကျောက်ရေကန်၏ အနောက်တောင်နံရံတွင် စကြာပုံပုံစံတစ်ခုတွေ့ရှိရမည်ဖြစ်ကာ အတွင်းတွင် ဝက်ဘာ ပုံစံထွင်းထုထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။ စကြာပုံနှင့်ကပ်လျက် နဂါးရုပ်၊ ဟင်္သာငှက်ရုပ်ပုံတို့အား လေ့လာနိုင်မည်ဖြစ်သည်။

(အောက်ပုံ)(၄၈၁)



○ စာမျက်နှာ ၂၄ မှ

၉၅၂ ဦး၊ အမရပူရခရိုင်မှ ဖြေဆိုသူစုစုပေါင်း ၄၅၈ ဦးတွင် အောင်မြင်သူ ၂၀၂ ဦး၊ ပြင်ဦးလွင်ခရိုင်မှ ဖြေဆိုသူစုစုပေါင်း ၂၁၃၃ ဦးတွင် အောင်မြင်သူ ၁၄၃၃ ဦး၊ သပိတ်ကျင်းခရိုင်မှ ဖြေဆိုသူ စုစုပေါင်း ၅၅၃ ဦးတွင် အောင်မြင်သူ ၁၉၆ ဦးဖြစ်သည်။

ထို့ပြင် ကျောက်ဆည်ခရိုင်မှ ဖြေဆိုသူ ၁၉၀၁ ဦးတွင် အောင်မြင်သူ ၁၀၈၃ ဦး၊ တံတားဦး ခရိုင်မှ ဖြေဆိုသူစုစုပေါင်း ၅၀၉ ဦးတွင် အောင်မြင်သူ ၂၇၈ ဦး၊ မြင်းခြံခရိုင်မှ ဖြေဆိုသူစုစုပေါင်း ၁၀၂၂ ဦးတွင် အောင်မြင်သူ ၅၃၈ ဦး၊ မိတ္ထီလာခရိုင်မှ ဖြေဆိုသူစုစုပေါင်း ၅၁၈၉ ဦးတွင် အောင်မြင်သူ ၃၇၅၉ ဦး(အောင်မြင်မှု ၇၂ ဒသမ ၄၄ ရာခိုင်နှုန်း)၊ ညောင်ဦးခရိုင်မှ ဖြေဆိုသူစုစုပေါင်း ၁၁၃၃ ဦးတွင် အောင်မြင်သူ ၇၅၃ ဦး၊ ရမည်းသင်းခရိုင်တွင် ဖြေဆိုသူစုစုပေါင်း ၂၅၆၁ ဦးတွင် အောင်မြင်သူ ၁၇၅၈ ဦးဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

## စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူအချို့ ထိခိုက်သေဆုံးမှုရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ယနေ့နံနက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်မှုကြောင့် ထုံးကြီးကျေးရွာမှ ပြည်သူတစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း၊ စဉ့်ကူးမြို့နယ်အတွင်း လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော်လည်း ယနေ့နံနက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားမှုနှင့် လက်နက်ကြီးပစ်ခတ်မှုများမရှိကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဝါဒဖြန့်ဝေနေခြင်းသာ**

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ပွားစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိသည့် နေရာနှင့် အနီးဝန်းကျင်နေရာများတွင် လုပ်ကြံသတင်းများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၅၁)၊ ဦးပိုင်အမှတ်(၁၄-က)၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ဦးကံညွန့်၊ ဒေါ်မြသွင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဖခင် ဦးကံညွန့်၊ မိခင် ဒေါ်မြသွင်၊ သား ဦးတင်မောင်ညွန့်တို့ ကွယ်လွန်၍ ကျန်ရစ်သူသား၊ သမီး၊ မြေးမများဖြစ်ကြသော ဒေါ်လှလှဦး(၉/မရတ(နိုင်)၀၆၂၃၈၈)၊ ဒေါ်အေးသန်း(၉/မရတ(နိုင်)၀၆၂၉၄၅)၊ ဒေါ်မြင့်မြင့်ထူး(၉/မရတ(နိုင်)၀၆၂၉၁၇)၊ ဒေါ်တင်တင်အေး(၉/မရတ(နိုင်)၀၆၂၃၉၅)၊ ဦးသာခွန်းအောင်ကျော်(၉/မရတ(နိုင်)၀၆၂၉၀၃)၊ ဒေါ်အေးအေးမော်(၉/မရတ(နိုင်)၀၆၂၉၁၄)၊ ဦးစော်ထွေး(၉/မရတ(နိုင်)၁၁၄၉၇၉)တို့က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စာမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၀)၊ ဦးပိုင်အမှတ်(၂၃)၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၇၇လမ်းနှင့် ၇၈လမ်းကြားရှိ ဒေါ်သန်းဝေ(ခ)လီဝေထုံး၊ ဦးထွန်းစိန်(ခ)လီဝေလျှံ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်သန်းရီ(ခ)လီဝေထုံး(အမျိုးဘ၀)၊ ခင်ပွန်း ဦးထွန်းစိန်(ခ)လီဝေလျှံတို့ ကွယ်လွန်၍ ကျန်ရစ်သော ဇနီးဖြစ်သူနှင့် ဒေါ်သန်းရီ(ခ)လီဝေထုံးထံမှ ကိတ္တိမမွေးစားစာချုပ်အမှတ်(၉၄/၂၀၁၁)ဖြင့် မွေးစားခြင်းကို လက်ခံခဲ့သော မွေးစားသမီးများဖြစ်ကြသည့် ဒေါ်လျှိုရွှေရင်(ခ)ဒေါ်နုနုရီ(၁၃/ကမန(ဧည့်)၀၀၀၃၀၈)၊ LEE WAY YAN(ခ)လီဝေရန်(၁၃/ကမန(ပြု)၀၀၀၅၁၄)၊ LEE WAY MAI(ခ)လီဝေမေ(၁၃/ကမန(ပြု)၀၀၀၅၂၃)၊ AI LANT(ခ)ဒေါ်ခင်စန်းတင့်(၁၃/ကမန(ပြု)၀၀၀၂၉၉)တို့က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဦးအောင်မင်းလွင်+ဒေါ်နန်းစင်ငင်းတို့၏သမီး အင်းဝကိုယ်ပိုင်ကျောင်း Grade-2 မှ မခင်စန္ဒာသူအား မခင်သူဇာလွင်ဟု ပြောင်းလဲခေါ်ပါရန်။

**မခင်သူဇာလွင်**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၆)၊ ဦးပိုင်အမှတ်(၃၆)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၂၈လမ်းနှင့် ၁၂၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ယုယုနိုင်(၁၄/ပသန(နိုင်)၀၀၀၄၁၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၆၀/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးရွှေ(၁၃/နခန(နိုင်)၀၄၀၉၉၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်(၉၈)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ ဦးခင်မောင်မျိုး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးထွန်းဖေက တရားပြိုင် ဦးခင်မောင်မျိုး၊ ဦးသိန်းဇော်တို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၃/၂၀၂၁)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးထွန်းဖေ(၉/မနမ(နိုင်)၀၁၆၉၅၆)က မြေကွက်၏ ဂရန်မူရင်းမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၂)၊ ဦးပိုင်အမှတ်(၅၄)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ ဦးကျော်သူ အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၉၅/၂၀၂၃)တွင် (၅-၁၀-၂၀၂၃)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးကျော်သူထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၀၇၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နီနီသန်း(၉/မနတ(နိုင်)၀၄၅၃၇၀)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၄၅၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅)၊ ဦးပိုင်အမှတ်(၅၀)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၃၉လမ်းနှင့် ၁၄၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဉာဏ်အောင်(၉/မနတ(နိုင်)၀၇၇၉၁၉)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ်(၅၉-က)၊ ၄၂လမ်းနှင့် ၄၅လမ်းကြား၊ ၈၄လမ်းနှင့် ၈၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အငွတ်(ခ)တင်ရွှေ(၉/မရတ(ဧည့်)၀၀၀၀၉၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၂)၊ ဦးပိုင်အမှတ်(၅၆)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ညွန့်ညွန့်စိန်(၅/ထခန(နိုင်)၀၀၆၉၀၈)၊ ဒေါ်ညိုညိုစိန်(၉/မနတ(နိုင်)၀၇၇၈၈၃)တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၁၆)၊ ဦးပိုင်အမှတ်(၆၄)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်မြင့်(၉/မရမ(နိုင်)၀၁၄၁၄၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၁၂/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စီမော်(၉/ပကခ(နိုင်)၀၂၄၄၈၃)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ်(၅၈-ခ)၊ ၄၂လမ်းနှင့် ၄၅လမ်းကြား၊ ၈၄လမ်းနှင့် ၈၆လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်အငွတ်(ခ)တင်ရွှေ(၉/မရတ(ဧည့်)၀၀၀၀၉၈)က ဘိုးဘစာအုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၂)၊ ဦးပိုင်အမှတ်(၅၇)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ညွန့်ညွန့်စိန်(၅/ထခန(နိုင်)၀၀၆၉၀၈)၊ ဒေါ်ညိုညိုစိန်(၉/မနတ(နိုင်)၀၇၇၈၈၃)တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်(ဒ-၆)၊ ဦးပိုင်အမှတ်(၄၆)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဖြူစင်ဦး(၁၀/ဘလန(နိုင်)၀၇၂၈၇၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၂၈၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးမြင့်ကျော်(၁၃/သပန(နိုင်)၀၀၀၂၅၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅)၊ ဦးပိုင်အမှတ်(၅၁)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၃၉လမ်းနှင့် ၁၄၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဉာဏ်အောင်(၉/မနတ(နိုင်)၀၇၇၉၁၉)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၃)၊ ဦးပိုင်အမှတ်(၁၇-က)၊ ၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်သန်းငွေ(၉/ပသက(နိုင်)၀၅၉၄၈၉)က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၈)၊ ဦးပိုင်အမှတ်(၆၆)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၁၀Cလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်သင်း(၉/ပသက(နိုင်)၀၃၆၈၂၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၉၂၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်လှိုင်အေး(၉/မနမ(နိုင်)၀၈၄၄၄၂)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၀၁)၊ ဦးပိုင်အမှတ်(၅)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၃၆လမ်းနှင့် ၁၃၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မိုး(၅/တဆန(နိုင်)၀၂၆၉၇၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၇၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းထွန်းဦး(၁၂/မရက(နိုင်)၀၈၃၆၉၀)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၃)၊ ဦးပိုင်အမှတ်(၁၅-ခ)၊ ၂၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ (ဇနီး)ဒေါ်ခင်စိန်ကြည် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၇၈၅/၂၀၂၄)အရ အမွေဆက်ခံခဲ့သည့် (ခင်ပွန်း)ဦးသာဦး(၉/မရမ(နိုင်)၀၀၇၄၄၅)က ဘိုးဘအမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၁)၊ ဦးပိုင်အမှတ်(၃-ဃ)၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်မေ(၉/မရမ(နိုင်)၀၂၅၁၂၁)၊ ဒေါ်တင်တင်ရွှေ(၉/မရမ(နိုင်)၀၄၅၁၁၂)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၈၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသန်းထွန်း(၉/မဟမ(နိုင်)၀၀၀၀၀၃)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၆)၊ ဦးပိုင်အမှတ်(၄၃)၊ ၁၃၅လမ်းနှင့် ၁၃၆လမ်းကြား၊ ၆၀Eလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ဆန်း(၉/မရတ(နိုင်)၀၃၇၉၀၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၈၁/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်မျိုးဇော်(၉/စကတ(နိုင်)၀၈၉၈၂၁)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ လေကြောင်းတိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ လေကြောင်း တိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့်အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာသူများကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (UAE) သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟာန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ အောင်ချက် ၆၃ ရာခိုင်နှုန်းကျော်ဖြင့် အောင်မြင်

**မန္တလေး ဇွန် ၁၁**

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့ထုတ်ပြန်ရာတွင် မန္တလေးတိုင်းဒေသကြီးမှ ဝင်ရောက်ဖြေဆိုသူ ၁၉၄၄၂ ဦးရှိသည့်အနက် အောင်မြင်သူ ၁၂၄၁၄ ဦး ဖြစ်၍ အောင်မြင်မှုရာခိုင်နှုန်း ၆၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ အောင်ချက်ရာခိုင်နှုန်းမှာ တတိယအဆင့်ဖြစ်သည်။



တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနအသီးသီးတွင် အောင်စာရင်းများကို တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်းအများဆုံးမှာ မဟာအောင်မြေဖြစ်၍ အနည်းဆုံးမှာ စဉ့်ကူးမြို့နယ်ဖြစ်သည်ဟု ဆိုသည်။

"ဒီနှစ် မန္တလေးတိုင်းဒေသကြီးအောင်ချက်က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် အောင်ချက်ရာခိုင်နှုန်းက တတိယအဆင့်ဖြစ်ပါတယ်။ နိုင်ငံတကာ စံချိန်နဲ့ပြင်ဆင်သင်ကြားပေးတဲ့ သင်ရိုးသစ်ကို ဖြေဆိုအောင်မြင်ကြတာကြောင့် နိုင်ငံတကာတန်းဝင်အောင်မြင်ကြတယ်လို့ ပြောရမှာပါ။ မန္တလေးတိုင်းဒေသကြီးက ဖြေဆိုအောင်မြင်ကြတဲ့ထဲမှာ Top Ten ဝင်သူ ၃ ဦးရှိပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချိုက ပြောသည်။

တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှုတွင် ကျောင်းဖြေ ဖြေဆိုသူ ၁၆၉၄၂ ဦးမှ အောင်မြင်သူ ၁၁၀၂၅ ဦးနှင့် အလွတ်ဖြေဆိုသူ ၂၅၀၀ ဦးမှ အောင်မြင်သူ ၁၃၈၉ ဦးရှိရာ စုစုပေါင်းဖြေဆိုသူ ၁၉၄၄၂ ဦးတွင် ၁၂၄၁၄ ဦး အောင်မြင်၍ အောင်ချက်ရာခိုင်နှုန်းမှာ ၆၃ ဒသမ ၈၅ ဖြစ်သည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ ၆ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ပြီး Top Ten စာရင်းတွင် နံပါတ် ၅ အဆင့် ရရှိသူ မသက်မြတ်စံက ပြောကြားရာတွင် "ခုလိုအောင်မြင်ဖို့ သင်ခန်းစာတွေကို မပျက်မကွက် သင်ယူလေ့လာမှတ်သားပြီး ကြိုးစားခဲ့ပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရဖို့ ရည်မှန်းကြိုးစားခဲ့ရာက ခုလို Top Ten စာရင်းထဲမှာ အဆင့် ၅ ရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာမိတယ်"ဟု ပြောသည်။

ခရိုင်စာရင်းများအရ မဟာအောင်မြေခရိုင်မှ ဖြေဆိုသူစုစုပေါင်း ၂၁၀၈ ဦးတွင် အောင်မြင်သူ ၁၄၆၂ ဦး၊ အောင်မြေသာစံခရိုင်မှ ဖြေဆိုသူစုစုပေါင်း ၁၈၇၅ ဦးတွင် အောင်မြင်သူ

စာမျက်နှာ ၁၈ သို့ ❍